မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်၊ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာ ၁၇ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၉)၊ အမှတ်(၄၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ဗုဒ္ဓစွယ်တော်မြတ်

ကန္ဒီမြို့ စွယ်တော်တိုက်အတွင်းရှိ ဗုဒ္ဓစွယ်တော်မြတ်အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ကန္ဒီမြို့ စွယ်တော်တိုက်ရှိ ဗုဒ္ဓစွယ်တော်မြတ်အား ဖူးမြော်ကြည်ညို နှစ်နိုင်ငံချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် (ဗန္ဓရ)သရက်ပင်ကို စိုက်ပျိုးပေး

နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နိုဝင်ဘာ ၁၃ရက် နံနက်ပိုင်းက ကန္ဒီမြို့ရှိ စွယ်တော်တိုက်သို့ သွားရောက်၍ စွယ်တော်တိုက်အတွင်း ကိန်းဝပ်အပူဇော်ခံယူတော်မူလျက်ရှိသော ဗုဒ္ဓစွယ်တော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ကန္ဒီမြို့ရှိ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကာ နှစ်နိုင်ငံချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် (ဗန္ဓရ)သရက်ပင်ကို စိုက်ပျိုးပေးကြသည်။

မှခ်ဦးမှကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ နယူတန်ဂုဏရတနာနှင့် တာဝန်ရှိသူများလိုက်ပါလျက် နံနက် ၉နာရီတွင် မော်တော်ယာဉ်များဖြင့် *စာမျက်နှာ ၈ ကော်လံ ၁* ■

မြန်မာပြခန်းဆောင်ဖွင့်လှစ်ပွဲတက်ရောက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များ စွယ်တော်တိုက်ဝင်းအတွင်းရှိ နိုင်ငံတကာဗုဒ္ဓပြတိုက်၌ ကျင်းပသည့် မြန်မာပြခန်းဆောင်ဖွင့်လှစ်ပွဲအခမ်းအနားသို့ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် နိုဝင်ဘာ ၁၇ရက်)

မြန်မာ-သီရိလင်္ကာ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဖော်ဆောင်နိုင်

သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ မဟင်ဒါရာဂျာပက်ခ်စာ၏ ဖိတ်ကြားချက်အရ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိခဲ့သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုဝင်ဘာလ ၁၂ရက်နေ့က ကန္ဒီမြို့ရှိ သမ္မတအိမ်တော်ညှော်ခန်းမ၌ သီရိလင်္ကာသမ္မတ မစ္စတာမဟင်ဒါရာဂျာပက်ခ်စာနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ''မိမိတို့နှစ်နိုင်ငံသည် ဗုဒ္ဓဘာသာကိုးကွယ်မှု တူညီသည်ကို အခြေပြု၍ တည်ရှိလာသော ခိုင်မြဲသည့် ဆက်ဆံရေးဖြစ်ကြောင်း၊ မိမိတို့၏ခရီးစဉ်မှာ နှစ်နိုင်ငံဆက်ဆံရေး သမိုင်းတွင် မှတ်တိုင်တစ်ခုဖြစ်မည်ဟု ယုံကြည်ပါကြောင်း'' ထုတ်ဖော်ပြောကြားခဲ့ပေသည်။

သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့သည် ရှေးနှစ်ပေါင်းထောင်ချီ၍ ဆက်ဆံမှုများရှိလာခဲ့ပြီး ခေတ်သစ် သံတမန်ဆက်ဆံရေးအရလည်း နှစ်ပေါင်း ၆၀တိုင်ခဲ့ပြီ ဖြစ်ပေသည်။

''မြန်မာနှင့် သီရိလင်္ကာနိုင်ငံတို့၏ ဆက်ဆံမှုသမိုင်းတွင် ကဏ္ဍသစ်တစ်ခု ဖွင့်လှစ်နိုင်ခြင်းဖြစ်ပြီး နှစ်နိုင်ငံဆက်ဆံရေးသာမက အာရှပူးပေါင်း ဆောင်ရွက်ရေးဆွေးနွေးပွဲသို့ မြန်မာနိုင်ငံက တက်ရောက်ခဲ့ခြင်းကို များစွာဝမ်းမြောက်ဖွယ်ဖြစ်ကြောင်း'' သီရိလင်္ကာသမ္မတ မစ္စတာ မဟင်ဒါ ရာဂျာပက်ခ်စာကလည်း ထုတ်ဖော်ပြောကြားခဲ့ပေသည်။

နှစ်နိုင်ငံဘာသာရေးဆက်နွှယ်မှုကို အခြေခံ၍ ဗုဒ္ဓဘာသာကို ပြန့်ပွားရန်ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးရေးသာမက စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဖြစ်စေမည်ဖြစ်သည်။

ယခင်က အာရှနိုင်ငံများတွင် စက်မှုနှင့်လူသုံးကုန်ပစ္စည်း ၉၀ရာခိုင်နှုန်းခန့်ကို အနောက်နိုင်ငံများမှ တင်သွင်းနေခဲ့ရာ ယခုအခါ အာရှနိုင်ငံများသည် ပြည်တွင်း၌ ထုတ်လုပ်လာနိုင်ပြီဖြစ်၍ အာရှနိုင်ငံများအချင်းချင်း စီးပွားရေးပူးပေါင်းဆောင်ရွက်လျှင် စီးပွားရေး ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည် ဖြစ်ကြောင်းကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဆွေးနွေးပြောကြားခဲ့ပေသည်။

ခရီးစဉ်အတွင်း နှစ်နိုင်ငံအကြီးအကဲများသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံ စီးပွားရေးနှင့်ကုန်သွယ်ရေး ဘက်စုံတိုးတက်ရေး၊ ဗုဒ္ဓဘာသာအခြေခံခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ ဘင်းမ်စတက်ဘောင်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ပြည်တွင်းရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေ၊ ဒေသတွင်းနှင့် နိုင်ငံတကာရေးရာအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

သို့ဖြစ်ပေရာ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတို့၏ နှစ်နိုင်ငံအကြီးအကဲများ၏ ရင်းနှီး ပွင့်လင်းသော ဆွေးနွေးမှုများမှသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်လာနိုင်မည်ဖြစ်၍ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ခိုင်မြဲ လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော် မြန်မာ့အသံ

(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)

၁၈-၁၁-၂၀၀၉

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇း၀၅ တရားတော် **(အဋ္ဌာနာဋ္ဌိယသုတ်)** ဓမ္မပူဇာတေးပဒေသာ
- ၇း၃၀ (၃၈)ဖြာမင်္ဂလာ
- ၇း၃၅ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
- ၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၉း၀၀ အစီအစဉ်ပြီး၏။
- ၁၀း၀၀ အမှတ်တရတေးလက်ဆောင်
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၃၅ တေးပဒေသာ
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၁၄) နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၃၀ ဆိုကြပျော်ရွှင်တေးသံစဉ် (၄၆) တေးပဒေသာ
- ၁၂း၀၀ စံတော်ချိန် နေ့လယ်ခင်းတေးပဒေသာ
- ၁၂း၂၅ ဇာတ်လမ်းပမာနားဆင်စရာ (နှလုံးသားရဲ့ဆန္ဒ)
- ၁၂း၄၅ တေးပဒေသာ
- ၁၃း၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃း၁၀ တေးပဒေသာ
- ၁၃း၃၀ အစီအစဉ်ပြီး၏။
- ၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆း၂၀ ဆောင်းပါး
- ၁၆း၃၀ စစ်သည်အတွက် တေးလက်ဆောင်
- ၁၇း၀၀ ခံတွင်းမြိန်စရာ သူ့လက်ရာ (ငါးနီတူခြောက်အစပ်ကြော်နှင့် မျှစ်တာလပေါဟင်း)
- ၁၇း၁၀ ခံစားနားဆင်မြန်မာတေးသံစဉ်
- ၁၇း၂၅ သတင်းစာဆောင်းပါး
- ၁၇း၃၀ တေးပဒေသာ
- ၁၈း၀၀ ညနေခင်းသတင်း
- ၁၈း၁၀ ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်
- ၁၈း၂၀ ကျေးလက်ဇာတ်လမ်း (သင့်အိမ်ဝန်းကျင် မြေပိုလျှင် သီးပင်စားပင်စိုက်ပျိုးပါ)
- ၁၈း၃၀ တူယှဉ်သီကြွေး စုံတွဲတေး
- ၁၉း၀၀ နိုင်ငံတကာသတင်း
- ၁၉း၀၅ သံစဉ်တေးသွား မေတ္တာစကား နိုင်ငံရေးဦးတည်ချက်
- ၁၉း၁၅ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ရာဇဝင်းတင့်)
- ၁၉း၃၀ တေးပဒေသာ
- ၁၉း၄၀ ဝတ္ထုတိုခံစားမှု (အပြည်ပြည်ဆိုင်ရာ အချစ်ဒုက္ခသည်များနေ့)
- ၂၀း၀၀ ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက်
- ၂၀း၂၀ တေးပဒေသာ
- ၂၀း၅၀ ကျန်းမာရေးရာ သိကောင်းစရာ (တစ်ကိုယ်ရေသန့်ရှင်းရေး) လူမှုရေးဦးတည်ချက်
- ၂၁း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
- ၂၁း၃၀ ညချမ်းချိန်ခါတေးပဒေသာ
- ၂၂း၀၀ အစီအစဉ်ပြီး၏။

အထက(၂)ကြည့်မြင်တိုင် (ဟုမ်းလမ်း/ထီးတန်း)ကျောင်း (၂၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ထူးချွန်ကျောင်းသားများဂုဏ်ပြု

ရန်ကုန် နိုဝင်ဘာ ၁၆

အထက(၂) ကြည့်မြင်တိုင် (ဟုမ်းလမ်း/ထီးတန်း)တွင် ၁၉၅၁ခုနှစ်မှ ၁၉၉၁ခုနှစ်အတွင်း ပညာသင်ကြားပို့ချခဲ့ပြီး ယခုနှစ် အောက်တိုဘာ၃၁ရက်ကာလအတွင်း သက်ပြည့်အငြိမ်းစားယူခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား (၂၁)ကြိမ်မြောက် အာစရိယ ပူဇော်ပွဲနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို နိုဝင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီခွဲက အဆိုပါကျောင်း စုဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ ကန်တော့ခံ ဆရာကြီး ဦးကြည်မောင်(ဒုတိယဝန်ကြီး-ငြိမ်း)က သြဝါဒစကား ပြောကြားပြီး ကျောင်းသားကျောင်းသူဟောင်းအသင်းဥက္ကဋ္ဌ ဦးဘနှင်းက အမှာစကားပြောကြားသည်။

လက်ခံယူ

ဆက်လက်၍ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်သူ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများနှင့် ကျောင်းရန်ပုံငွေ အလှူငွေများကို ဥက္ကဋ္ဌ ဦးဘနှင်းက ချီးမြှင့်ပေးအပ်ရာ ကျောင်းအုပ် ဆရာမကြီးဒေါ်မြင့်မြင့်က လက်ခံယူသည်။

ထို့နောက် ကန်တော့ခံဆရာကြီး ဆရာမကြီးများကိုယ်စား ဆရာမကြီး ဒေါ်ခင်ခင်ထွေးက ဆုတောင်းမေတ္တာပို့သပြီး (၂၁) ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ဂုဏ်ပြုပွဲ ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဦးခင်မောင်ထွေးက ဖတ်ကြားရှင်းလင်းတင်ပြသည်။

လှူဒါန်း

ယင်းနောက် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအတွက် အလှူငွေ အများဆုံး ကောက်ခံပေးသည့် ကျောင်းသားဟောင်းများအား နာယကများဖြစ်ကြသော ဗိုလ်မှူးကြီး စောရွှေ(ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း (ငြိမ်း)၊ ဗိုလ်မှူးကြီးသိုက်ထွန်း(ငြိမ်း)နှင့် ဘဏ္ဍာရေးမှူး ဦးခင်မောင်ထွေးတို့က ဂုဏ်ပြုလွှာနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအား အလှူငွေ၊ ဆေးဝါး၊ အာစရိယပူဇော်ပွဲ အမှတ်တရပြက္ခဒိန်နှင့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းကန်တော့ကြသည်။ **(အပေါ်ပုံ) (မြန်မာ့အလင်း)**

မော်လမြိုင်ပညာရေးကောလိပ် အာစရိယပူဇော်ပွဲ

မော်လမြိုင် နိုဝင်ဘာ ၁၆

မော်လမြိုင်ပညာရေးကောလိပ် (ယခင်မော်လမြိုင်ဆရာအတတ်သင်သိပ္ပံ)တွင် ၁၉၅၃-၁၉၅၄မှစ၍ ယနေ့အထိ တာဝန်ထမ်းဆောင်ခဲ့ကြပြီး အသက်(၆၀)ပြည့် အငြိမ်းစားယူပြီးကြသော ဆရာကြီး ဆရာမကြီးများအား ပူဇော်ပွဲအခမ်းအနားကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် မော်လမြိုင်ပညာရေးကောလိပ် ပညာဒီလာခန်းမ၌ စတုတ္ထအကြိမ်မြောက် ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်နိုင်

အလှူငွေနှင့်ပစ္စည်းများလှူဒါန်းလိုပါက ဒေါ်မြတ်မြတ်ဝေ(ကျောင်းအုပ်ကြီး၊ မော်လမြိုင်ပညာရေးကောလိပ်) ဖုန်း-၀၅၇-၂၇၁၆၈၊ ဦးထွန်းရီ ဖုန်း-၀၉-၅၃၂၀၅၄၉၊ ဦးမျိုးဆွေ၊ ဦးမင်းထွန်းတင်၊ ဦးအောင်ချစ် ဖုန်း-၀၅၇-၂၇၁၄၉၊ ဦးအန်းကူ ဖုန်း-၀၅၈-၂၁၁၃၃၊ ဦးခင်မောင်ဦး ဖုန်း-၀၆၇-၇၉၅၀၉၊ ဒေါ်နန်းလှယဉ်မေ ဖုန်း-၀၅၈-၂၁၀၅၅၊ ဒေါ်ဟန်ရွှေ ဖုန်း-၀၉-၅၆၆၀၈၅၃၊ ဒေါ်မေသန်းကြည်၊ ဒေါ်သန်းသန်းဝေ ဖုန်း-၀၅၇-၂၇၁၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး မော်လမြိုင်သို့လိုက်ပါလိုသူများ ဆရာမဒေါ်သန်းငွေ(ရန်ကုန်) ဖုန်း-၀၁-၅၁၀၇၇၄ ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

မြဝတီရုပ်မြင်သံကြား

၁၇-၁၁-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လျှပ်တစ်ပြက်
- ၄း၁၅ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄း၃၅ ၅။ အင်္ဂလိပ်စာသုတ
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၁၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅း၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၂။ လျှပ်တစ်ပြက်
- ၆း၄၀ ၁၃။ ကလေးတို့ကမ္ဘာ
- ၇း၀၀ ၁၄။ ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၂၀)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မွေးမြူသုတ
- ၂၀။ ဟာသရုပ်စုံ
- ၂၁။ ဗွီစီဒီကျော်ကြားတေးများ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း **လှုပ်လှုပ်ရှားရှားပစ်မှတ်များ** (အပိုင်း-၁၆)

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် မူခင်းကျဆင်းရေး ရက်သတ္တပတ် မူခင်းအသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၁၄ရက်က အထက(၂) စံပယ်ခန်းမ၌ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်ခိုင်ဦးက သိမှတ်ဖွယ်စုံစွာဖြင့် ပညာပေး ဟောပြောစဉ်။ (၁၀၃)

17-11 (02).pmd 1 11/17/2009, 2:04 PM

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပထမအကြိမ် အာဆီယံ - အမေရိကန်ခေါင်းဆောင်များအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး စင်ကာပူသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr. Robert Chua Hian Kong နှင့်တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

လိုက်ပါလာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ်လိုက်ပါသွားကြသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား သီရိလင်္ကာနိုင်ငံ Central Province ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဂုဏ်ပြုညစာတည်ခင်း

နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်နယ်အုပ်ချုပ်ရေးမှူး (Governor, Central Province)Hon. Mr. Tikiri Kobbekaduwa နှင့် ပြည်နယ်ဝန်ကြီးချုပ်(Chief Minister, Central Province) တို့က နိုဝင်ဘာ ၁၃ရက် ညပိုင်းတွင် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကန္ဒီမြို့ရှိ Earl's Regency ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြသည်။

ဂါရဝပြုကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီးတို့သည် ည ၇နာရီ ၄၅မိနစ်တွင် Earl's Regency ဟိုတယ်ရှိ ဂုဏ်ပြုညစာ တည်ခင်းဧည့်ခံရာသို့ ရောက်ရှိလာကြရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ Central Province ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဂါရဝပြုကြိုဆိုနှုတ်ဆက်ကြသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်ဇနီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံသံအမတ်ကြီးနှင့်ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ Central Province ပြည်နယ်အုပ်ချုပ်ရေးမှူး Hon. Mr. Tikiri Kobbekaduwa နှင့် ပြည်နယ်ဝန်ကြီးချုပ် Hon. Mr. Sarath Ekanayake တို့နှင့်အတူ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ရိုဟီသာ ဘိုဂိုလာဂါမာ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး Hon. Mr. Mahinda Yapa Abeywardena၊ ကန္ဒီမြို့တော်ဝန် Mr. L.B. Aluvihare၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာနယူတန် ဂုဏရတနာ၊ စွယ်တော်ထိန်း အမတ် Mr. Pradeep Nilanga Dela Diyawada နှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။ **(သတင်းစဉ်)**

တည်ခင်းဧည့်ခံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ပြည်နယ်အုပ်ချုပ်ရေးမှူး (Governor, Central Province) Hon. Mr. Tikiri Kobbekaduwa နှင့် ပြည်နယ်ဝန်ကြီးချုပ် (Chief Minister, Central Province) တို့က သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကန္ဒီမြို့ရှိ Earl's Regency ဟိုတယ်၌ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြစဉ်။ (သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၁၆

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၆၇၂)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ အမေရိကန်သမ္မတ အိုဘားမားက အာဆီယံခေါင်းဆောင်များနှင့်တွေ့ဆုံ၊ နိုင်းနိုင်းအတွက် စန္ဒီချိုက သဘာဝအတိုင်း သမီးဦးလေးမွေးဖွားပေးလိုက်ပြီ၊ ရောဂါသုံးမျိုးတိုက်ဖျက်ရေးအတွက် မြန်မာနိုင်ငံသို့ နှစ်နှစ်အတွင်း ဒေါ်လာသန်း ၁၁၀ကျော် ပြန်လည်အကူအညီပေးမည်၊ မြန်မာ့ပထမဆုံး စဥ့်ပြခန်းကို တွံတေးတွင်တည်ဆောက်မည်၊ မီးရထားခုံးကျော်တံတားကို ပုဂ္ဂလိကအနေဖြင့် တည်ဆောက်မည်၊ ဗီယက်နမ်ပုစွန်မွေးမြူရေးစနစ် မြန်မာနိုင်ငံတွင်စတင်မည်၊ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးလွယ်ကူစေရန် တိုက်ရိုက်ဘဏ်စနစ် အကောင်အထည်ဖော်မည်၊ နေပြည်တော်၌ ကားလေလံပွဲအပြီးတွင် ရန်ကုန်၌လည်း နောက်ထပ်တစ်ပွဲရှိ၊ FM လိုင်းသစ်များ လာမည့်နှစ်မှစ၍ အသုံးပြုသည့်သီချင်းများအတွက် အနုပညာကြေးပေးရတော့မည်၊ မြန်မာ့ပထမဆုံး ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ သတင်းအချက်အလက် ဗဟိုဌာနထူထောင်မည်၊ ရန်ကုန်တိုင်းအတွင်းရှိ တက္ကသိုလ်အားကစားကွင်းများကို YCDC က အဆင့်မြှင့်ပြုပြင်မည်၊ အရပ်နှစ်ပေလေးလက်မသာရှိသည့် ကမ္ဘာ့အသေးဆုံးမိခင်က တတိယမြောက်ကလေး မွေးတော့မည်၊ ကမ္ဘာအနီးမှ ဥက္ကာခဲကြီးတစ်ခဲဖြတ်သွားခဲ့၊ မိခင်ဗိုက်ထဲရှိသန္ဓေသားက လက်နှစ်ချောင်းထောင်ပြဟုဆို၊ ဂျာမနီလက်ရွေးစင်ဂိုးသမား မိမိကိုယ်ကိုသတ်သေသွားသဖြင့်..၊ ဗန်ကောက် မြို့ ရေမလွှမ်းစေရန် သဲအိတ်လေးသန်းဖို့မည်၊ ဆယ်ကျော်သက်တစ်ဦး ရေခဲကျွန်းမျောပေါ်၌ ဝင်ရိုးစွန်းဝက်ဝံသုံးကောင်နှင့်အတူပိတ်မိခဲ့၊ ကမ္ဘာသို့ယူလာသော လကျောက်တုံးများ ပျောက်ဆုံးနေ၊ တရုတ်ပြည်တွင်မကြာမီက ပန်းကန်ပြားပျံတွေ့ရှိ၊ ရောမနှစ်ထပ်ဘတ်စ်ကားကြီးကို ဆံပင်ဖြင့်ဆွဲပြ၊ လပေါ်၌ ရေပမာဏအတော်များများရှာဖွေတွေ့ရှိ.... စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် ၁၂မျက်နှာတိုးမြှင့် ဖြန့်ချိထားသည်။ **(သတင်းစဉ်)**

A(H1N1) ရောဂါ ကာကွယ်ဆေး အာဂျင်တီးနား၌ ထုတ်လုပ်မည်

ဗျူနိုစ်အေရီ နိုဝင်ဘာ ၁၆

အာဂျင်တီးနားနိုင်ငံ၌ A(H1N1) တုပ်ကွေးရောဂါဖြင့် သေဆုံးသူပေါင်း ၆၀၀ခန့်ရှိပြီးနောက် A(H1N1) တုပ်ကွေးရောဂါ ကာကွယ်ဆေး စတင်ထုတ်လုပ်မည်ဖြစ်ကြောင်း နိုဝင်ဘာ၁၃ရက်တွင် အာဂျင်တီးနားနိုင်ငံသမ္မတ ခရစ္စတီးနာဖာနန်ဒက်ဇ်က ထုတ်ပြန်ကြေညာသည်။

ရင်းနှီးမြှုပ်နှံ

ယင်းဆေးဝါး ထုတ်လုပ်ရေးအဖြစ် ဆေးဝါးကျွမ်းကျင်သိပ္ပံပညာရှင် ၂၅၀ခန့်နှင့် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာသန်း၂၀ခန့် လိုအပ်လျက်ရှိကြောင်းကို ဗျူနိုစ်အေရီး၌ ကျင်းပသည့် နိုင်ငံတကာညီလာခံဖွင့်ပွဲတွင် အာဂျင်တီးနားနိုင်ငံအကြီးအကဲ ခရစ္စတီးနာဖာနန်ဒက်ဇ်က ပြောကြားသည်။

လူ၆၀၀ခန့်သေဆုံး

အာဂျင်တီးနားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးသတင်းထုတ်ပြန်ချက်အရ ၄င်းနိုင်ငံ၌ A(H1N1) တုပ်ကွေးရောဂါ စတင်ဖြစ်ပွားသည့် ယခုနှစ်မေလကတည်းက လူပေါင်း ၁၁သမ၂သန်းကျော် ကူးစက်ခဲ့ပြီးလူ၆၀၀ခန့် သေဆုံးခဲ့သည်။ (အင်တာနက်)

လေကြောင်းစွမ်းရည်ပြ

တရုတ်နိုင်ငံ ပေကျင်းမြို့မြောက်ပိုင်းရှိ ရှန်ဟီလေဆိပ်မှပျံတက်လာသော ဂျေ-၁၀ တိုက်လေယာဉ်များ လေကြောင်း စွမ်းရည်ပြပျံသန်းမှုကို နိုဝင်ဘာ ၁၅ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဆိုမာလီတပ်ဖွဲ့ဝင်များအား ဥရောပသမဂ္ဂတပ်ဖွဲ့ သင်တန်းပေးမည်

မိုဂါဒစ်ရှူး နိုဝင်ဘာ ၁၆

ဥရောပသမဂ္ဂ(အီးယူ)သည် ဆိုမာလီတပ်ဖွဲ့ဝင်၂၀၀၀ကို လေ့ကျင့်သင်ကြားပေးရန် အီးယူလေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ စေလွှတ်ရေးအစီအစဉ်ကို အတည်ပြုမည်ဟု မျှော်လင့်ရကြောင်း နိုဝင်ဘာ ၁၃ရက်တွင် အီးယူအရာရှိတစ်ဦးက ပြောကြားသည်။

သင်တန်းပေး

အဆိုပါအစီအစဉ်အရ အီးယူတပ်ဖွဲ့ဝင် ၂၀၀ကို ယူဂန္ဓာနိုင်ငံသို့ စေလွှတ်ပြီး ဆိုမာလီတပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်တန်းပေးမည်ဖြစ်သည်။

ယင်းကိစ္စနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်ကို လာမည့်သီတင်းပတ်တွင်ကျင်းပမည့် အီးယူဝန်ကြီးများအစည်းအဝေး၌ ချမှတ်အတည်ပြုမည်ဟု သိရသည်။

အကူအညီပေး

ဆိုမာလီနိုင်ငံရှိ အင်အား၆၀၀၀ရှိသော ရဲတပ်ဖွဲ့ကို အထောက်အကူဖြစ်စေရေးအတွက် အကူအညီပေးရန် ဆိုမာလီအစိုးရ၏ မေတ္တာရပ်ခံချက်အရ ယင်းအစီအစဉ်ကို ချမှတ်ခြင်းဖြစ်သည်ဟု သိရသည်။ (အင်တာနက်)

ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ရောင်စုံထီးများဖြင့် အလှဆင်ထားမှုကို နိုဝင်ဘာ ၁၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

စစ်သွေးကြွ အကြမ်းဖက်မှုများဟန့်တားရန် အာဖဂန်သို့ ဂျာမနီတပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်မည်

ဘာလင် နိုဝင်ဘာ ၁၆

ဂျာမနီနိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ကွန်ဒုဇ်ဒေသတွင် စစ်သွေးကြွ အကြမ်းဖက်မှုများ တစ်နေ့တခြား များပြားလာသဖြင့် ထိုဒေသသို့နောက်ထပ်တိုက်ခိုက်ရေးတပ်ဖွဲ့ဝင် ၁၂၀ ထပ်မံစေလွှတ်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၃ရက်တွင် ဂျာမနီကာကွယ်ရေး ဝန်ကြီး ကားလ်သီအိုဒိုဇူဂူတန်ဘတ်က ပြောကြားသည်။

ဂျာမနီ ကာကွယ်ရေးဝန်ကြီးသည် ကွန်ဒုဇ်ဒေသရှိ တပ်ဖွဲ့ဝင်များထံ သွားရောက်အားပေးစဉ်အတွင်း ယင်းကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ပြောကြား

ကွန်ဒုဇ်ဒေသသည် တာလီဘန်များ မကြာခဏ တိုက်ခိုက်လေ့ရှိသည့်ဒေသဖြစ်၍ ထိုတိုက်ခိုက်မှုများကို ဟန့်တားနိုင်ရေးအတွက် တပ်ဖွဲ့ဝင်များစေလွှတ်ရန် ဆုံးဖြတ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ (အင်တာနက်)

တရုတ်လေ့လာရေးသင်္ဘော အန္တာတိကသို့ရောက်ရှိ

ဂရိတ်ဝေါစတေရှင်(အန္တာတိက) နိုဝင်ဘာ ၁၆

ထောက်ပံ့ရေးပစ္စည်းနှင့် ရေနံစုစုပေါင်းတန်ချိန် ၂၃၀၀ ကျော် တင်ဆောင်ထားသော စနိုးဒရာဂွန်အမည်ရှိ တရုတ်လေ့လာရေးသင်္ဘောသည် အန္တာတိကရှိ ဂရိတ်ဝေါစတေရှင်ဆိပ်ကမ်းသို့ နိုဝင်ဘာ၁၂ရက်က ဆိုက်ကပ်လာကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အရည်ပျော်

အန္တာတိကတွင် အပူချိန်မြင့်လာသဖြင့် ဂရိတ်ဝေါစတေရှင်တစ်ဝိုက်တွင် နှင်းခဲများအရည်ပျော်ပြီး ပင်လယ်ပြင်တစ်ခွင်တစ်ပြင်၌ ရေခဲစိုင် ရေခဲတုံးများ မျောပါလျက်ရှိသည်။

ရေခဲများကြောင့် သင်္ဘောသားများက ထောက်ပံ့ရေးပစ္စည်းများကို လှေများဖြင့် တင်ပို့နေရကြောင်း၊ ယင်းထောက်ပံ့ရေးပစ္စည်းများ လှေပေါ်တင်ဆောင်သည့်လုပ်ငန်းကို ရှစ်ရက်အတွင်း အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘရာဇီးဂိုဏ်းခေါင်းဆောင် ထောင်ဒဏ်၂၉နှစ် ချမှတ်ခံရ

ဘရာဆီးလီးယား နိုဝင်ဘာ ၁၆

၂၀၀၃ခုနှစ်တွင် တရားသူကြီးတစ်ဦးကို သတ်ဖြတ်မှုဖြင့် ဘရာဇီးဂိုဏ်းခေါင်းဆောင်တစ်ဦးအား နိုဝင်ဘာ ၁၅ရက်က ထောင်ဒဏ်၂၉နှစ် ပြစ်ဒဏ်ချမှတ်လိုက်သည်။

ထောင်ဒဏ်ပြစ်ဒဏ်ချခံရသည့် ဂိုဏ်းခေါင်းဆောင်မှာ မာကိုလာဟု လူသိများသော ဝီလျံဟာဘတ်စ်မာကိုကာမာချို ဆိုသူဖြစ်သည်။

သူသည် ပြုပြင်မရသူဖြစ်သည့်အပြင် မကောင်းသောရာဇဝတ်မှု မှတ်တမ်းများလည်း ရှိနေသောကြောင့် ယင်း၏ပြစ်မှုနှင့်ပတ်သက်၍ အယူခံလွှာမတင်နိုင်ကြောင်း ဆော်ပေါလို တရားရေးအရာရှိများက ပြောကြားသည်။

ဦးဆောင်

မာကိုလာသည် ယခုအကြိမ်တွင် ပထမဦးဆုံး လူသတ်မှုဖြင့် ထောင်ကျခံရခြင်း ဖြစ်သည်။ သူသည် ၂၀၀၅ ခုနှစ် ဧပြီလကတည်းက ထောင်ကျခဲ့သူဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင် ဆော်ပေါလို အကျဉ်းထောင်၌ လူထုအုံကြွမှုကို ဦးဆောင်ခဲ့သည်။

အဆုံးသတ်

ထိုအုံကြွမှုကြောင့် မြို့ပေါ်အကြမ်းဖက်မှုများအထိ ကျယ်ပြန့်လာခဲ့သည်။ ထိုအကြမ်းဖက်မှုသည် လူ၁၀၀ကျော် သေဆုံးပြီးမှ အဆုံးသတ်သွားခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန်၌ A(H1N1) ရောဂါဖြင့်သေဆုံးသူ ဧပြီလ နောက်ပိုင်းတွင် ၄၀၀၀နီးပါးရှိ

ဝါရှင်တန် နိုဝင်ဘာ ၁၆

အမေရိကန်ပြည်ထောင်စု၌ ဧပြီလနောက်ပိုင်း A(H1N1)တုပ်ကွေးရောဂါကြောင့် သေဆုံးသူကလေး၅၄၀ အပါအဝင် စုစုပေါင်း ၄၀၀၀နီးပါးရှိသွားပြီဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန(စီဒီစီ)က နိုဝင်ဘာ၁၂ ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါ A(H1N1)တုပ်ကွေးရောဂါသည် ဧပြီလနောက်ပိုင်းတွင် အမေရိကန်၌ ၂၂သန်း ရောဂါကူးစက်ခဲ့ရပြီး ၉၈၀၀၀ကို ဆေးရုံတင်ကုသရကြောင်း စီဒီစီ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ကလေးငယ်ရှစ်သန်းမှာ A(H1N1) တုပ်ကွေးရောဂါ ကူးစက်ခံရပြီး ယင်းတို့အနက် ၃၆၀၀၀ကို ဆေးရုံတင်ကုသခဲ့ရသည်ဟုလည်း ထိုသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နောက်ဆုံးထုတ်ပြန်သည့် အဆိုပါ ခန့်မှန်းချက်သည် ပြည်နယ်၁၀ခုမှ ဧပြီလနှင့် အောက်တိုဘာလအတွင်း A(H1N1) တုပ်ကွေးရောဂါဖြစ်ပွားမှုအသေးစိတ်စာရင်းကို အခြေခံ၍ ဖော်ပြခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့ရှိ စစ်ဆေးရေးဂိတ်၌ အသေခံဗုံးခွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများအား ရှင်းလင်းရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်ကို နိုဝင်ဘာ ၁၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဂျင်တီးနားနိုင်ငံ ဗျူနိုစ်အေရီမြို့၌ ရေလွှမ်းမှု ဖြစ်ပေါ်လျက်ရှိသည်ကို နိုဝင်ဘာ၁၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်နှင့်ကျူးဘား ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်များ လက်မှတ်ရေးထိုး

ဟာဗားနား နိုဝင်ဘာ ၁၆

ကျူးဘားနှင့် တရုတ်နိုင်ငံ ရှန်ဒေါင်းပြည်နယ်တို့၏ ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ငါးခုကို လက်မှတ်ရေးထိုးကြောင်း နိုဝင်ဘာ ၁၃ ရက်တွင် ကျူးဘားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ရေးထိုး

အဆိုပါ သဘောတူစာချုပ်များတွင် အခြေခံအဆောက်အအုံ၊ သတင်းနည်းပညာနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းတို့ အကျုံးဝင်ပြီး တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင်နှင့် ရှန်ဒေါင်းပြည်နယ်ကော်မတီအတွင်းရေးမှူး ကျန်ယီကန်နှင့် ကျူးဘားနိုင်ငံမှ ပြည်ပကူးသန်းရောင်းဝယ်ရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဌာန ဒုတိယဝန်ကြီး ရာထန်ရီပူးလ်တို့က ဟာဗားနားမြို့၌ သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးသည်။

ကျူးဘားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် တရုတ်ထုတ်ကုန်ပစ္စည်း များ ကျူးဘား၌ ပေါများရေးအတွက် ဤစာချုပ်များမှာ အရေးပါကြောင်း ရီပူးလ်က ထပ်လောင်း ပြောကြားသည်။

(အင်တာနက်)

သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ

၁၉၃၇ ခုနှစ်က မာကိုပိုလိုတံတားတိုက်ပွဲ

တိုး-စုစည်းရေးသားသည်

၁၉၃၇ ခုနှစ်က မာကိုပိုလိုတံတား၌ ဖြစ်ပွားသည့်တိုက်ပွဲမှာ တရုတ်သမ္မတနိုင်ငံ၏ အမျိုးသားတော်လှန်ရေးတပ်မတော်နှင့် ဂျပန်အင်ပါယာ၏ တပ်မတော်နှစ်ရပ်အကြား ဖြစ်ပွားခဲ့သည့် စစ်ပွဲဖြစ်သည်။ ယင်းစစ်ပွဲကို ဒုတိယအကြိမ် တရုတ်-ဂျပန်စစ်ပွဲ၏ အစနိဒါန်းအဖြစ် ပြောစမှတ်ပြုကြသည်။

အမှန်စင်စစ်နှစ်ဦးနှစ်ဖက် ဆက်ဆံရေးတင်းမာမှုမှာ ၁၉၃၁ ခုနှစ်တွင် မန်ချူးရီးယားကို ဂျပန်က ကျူးကျော်ပြီး လွတ်လပ်သည့် မန်ချူးကိုးနိုင်ငံထူထောင်ချိန်မှစခဲ့သည်။ ကူမင်တန် အစိုးရက မန်ချူးကိုးကို အသိအမှတ်ပြုရန် ငြင်းသော်လည်း ၁၉၃၁ ခုနှစ် အပစ်ရပ်ရေးကို စေ့စပ်ရယူသည်။ သို့သော် ၁၉၃၂ ခုနှစ်ကုန်ပိုင်းတွင် ဂျပန်စစ်တပ်က ရီဟေပြည်နယ်ကို ကျူးကျော်ဝင်ရောက်ပြီး နောက် ၁၉၃၃ ခုနှစ်တွင် ထိုပြည်နယ်ကို မန်ချူးကိုးနိုင်ငံအတွင်းသို့ သွတ်သွင်းလိုက်သည်။

၁၉၃၅ ခုနှစ် ဇွန်လ ၉ ရက် သဘောတူညီချက်အရ အရှေ့ပိုင်းဟီပေနှင့် ချာဟာပြည်နယ်နှစ်ခုကို ဂျပန်က သိမ်းပိုက်ခြင်းကို တရုတ်နိုင်ငံက အသိအမှတ်ပြုလိုက်သည်။

၁၉၃၅ ခုနှစ်ကုန်ပိုင်းတွင် ဂျပန်က အရှေ့ဟီပေကိုယ်ပိုင်အုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းထူထောင်သည်။ သို့ဖြင့် ပေကျင်းမြို့၏မြောက်ဘက်၊ အရှေ့ဘက်နှင့် အနောက်ဘက် ဒေသများအားလုံးကို ဂျပန်စစ်တပ်က ထိန်းချုပ်လိုက်သည်။

အစောင့်ချထားခွင့်

၁၉၀၁ ခုနှစ် စက်တင်ဘာ ၇ ရက်က ဘောက်ဆာပရိုတိုကောအရ ပေကျင်းမြို့၌ သံတမန်အဖွဲ့ စေလွှတ်သည့်နိုင်ငံတိုင်းကို ပေကျင်းနှင့် တီယင်ကျန်းဆိပ်ကမ်းမြို့အကြား ဆက်သွယ်ဖောက်လုပ်ထားသည့် ရထားလမ်းတစ်လျှောက်ရှိ အချက်အချာနေရာ ၁၂ နေရာတွင် အစောင့်ချထားခွင့် ပေးရသည်။

စစ်ရေးလေ့ကျင့်

၁၉၀၂ ခုနှစ် ဇူလိုင် ၁၅ ရက် နောက်ဆက်တွဲ သဘောတူညီချက်အရ တရုတ်အာဏာပိုင်များထံ အကြောင်းမကြားဘဲ ထိုလုံခြုံရေးအစောင့်တပ်များ အနေဖြင့် စစ်ရေးလေ့ကျင့်နိုင်သည်။ ၁၉၃၇ ခုနှစ် ဇူလိုင်လတွင် ရထားလမ်းတစ်လျှောက်၌ ဂျပန်တပ်ဖွဲ့ဝင် ၇၀၀၀ မှ ၁၅၀၀၀အထိ တိုးချဲ့ချထားလိုက်သည်။ ထိုတပ်ဖွဲ့ဝင်ဦးရေမှာ ဥရောပအင်အားကြီး နိုင်ငံအားလုံး၏ အစောင့်တပ်ဖွဲ့ဝင် အရေအတွက်ထက် ခုနှစ်ဆပိုများသည်။ ထို့ပြင် တရားမျှတမှု မရှိဟူ၍ မကြာခဏရည်ညွှန်း ဝေဖန်ခံရသည့် ဘောက်ဆာပရိုတိုကောက ခွင့်ပြုသည့် တပ်ဖွဲ့ဝင်ဦးရေထက်ပင် ဂျပန်တပ်ဖွဲ့ဝင် ဦးရေက ပိုမိုများပြားနေသေးသည် ဆိုသည်။

မာကိုပိုလိုတံတားသည် ခုံးပေါင်း ၁၁ခုပါဝင်သည့် နှမ်းဖတ်ကျောက်တံတားဖြစ်သည်။ ဗိသုကာလက်ရာမြောက်သည့် အရေးပါသော တံတားလည်းဖြစ်သည်။ ကန်ရှီဧကရာဇ်(၁၆၆၂-၁၇၂၂)က တံတားကို ပြန်လည်မွမ်းမံခဲ့သည်။ ပေကျင်းမြို့ အနောက်တောင်ဘက်ရှိ မြို့ရိုးကာရံထားသော ဝမ်ပင်းမြို့အပြင်ဘက်၌ တည်ရှိသည်။ ပေကျင်း- ဂူဟာန်ရထားလမ်းပေါ်မှ အချက်အချာနေရာတစ်ခုဖြစ်သည်။

တောင်းဆို

၁၉၃၇ ခုနှစ် ဇူလိုင်လမတိုင်မီက ထိုဒေသအတွင်းဖြန့်ကြက်သည့် တရုတ်တပ်များ ရုပ်သိမ်းပေးရန် ဂျပန်စစ်တပ်က အကြိမ်ကြိမ်တောင်းဆိုခဲ့သည်။ လေယာဉ်ကွင်းဆောက်ရန်ကြိုးပမ်းသည်။ မာကိုပိုလိုတံတားနှင့် ဝမ်ပင်းမြို့တို့ကို ဂျပန်ထိန်းချုပ်ခွင့်ပေးအပ်ခြင်းဖြင့် ပေကျင်းမြို့ လုံးဝအထီးကျန်ဘဝရောက်ကာ ပြင်ပနှင့်အဆက်အသွယ်ပြတ်သွားနိုင်သဖြင့် ဂျပန်စစ်တပ်၏ တောင်းဆိုချက်ကို တရုတ်က လက်မခံပေ။

အရှိန်မြင့်

၁၉၃၇ ခုနှစ် ဇွန်လမှစ၍ မာကိုပိုလိုတံတားအနောက်ဘက်စွန်းဒေသတွင် ဂျပန်တပ်များက အပြင်းအထန် စစ်ရေးလေ့ကျင့်မှုများပြုလုပ်သည်။ အခြားသော နိုင်ငံခြားအစောင့်တပ်များက စစ်ရေးလေ့ကျင့်မှုကို ညပိုင်းတွင် လုပ်လေ့လုပ်ထမရှိသလောက်ဖြစ်သော်လည်း ဂျပန်တပ်များက ညစဉ်ညတိုင်းလေ့ကျင့်သည်။ ဒေသခံပြည်သူများ အနှောင့်အယှက်မဖြစ်စေရန် တရုတ်အစိုးရက မေတ္တာရပ်ခံသည်။ ဂျပန်ဘက်က သဘောတူသည်။ သို့သော် ၁၉၃၇ ခုနှစ် ဇူလိုင်လ ၇ ရက်တွင် ဂျပန်တပ်ကကြိုတင် အသိမပေးဘဲ ညပိုင်းစစ်ရေး လေ့ကျင့်မှုပြုလုပ်သောအခါ တရုတ်တပ်ကအံ့အားသင့်ပြီး သေနတ်ထောင်ဖောက်ရာမှ ည ၁၁ နာရီခန့်တွင် အပြန်အလှန်ပစ်ခတ်မှု ခေတ္တဖြစ်ပွားသည်။ ဂျပန်စစ်သားတစ်ဦး စခန်းသို့ ပြန်မလာဘဲ ပျောက်နေရာ တရုတ်တို့ဖမ်းထားသည်အထင်ဖြင့် တပ်ခွဲမှူး ဗိုလ်မှူးကီဗိုနာအိုက စစ်ဒေသမှူး ဗိုလ်မှူးကြီးမူတာဂူချီထံ သတင်းပို့သည်။ ဗိုလ်မှူးကြီးမူတာဂူချီက တရုတ်စစ်ဒေသမှူး ကျိရှင်ဝင်းအား ပျောက်ဆုံးဂျပန်စစ်သားကို ဝမ်ပင်းမြို့အတွင်း ဝင်ရှာခွင့်ပေးရန် တောင်းဆိုသည်။ ယင်းနောက်ဂျပန်စစ်သား တပ်စခန်းပြန်ရောက်သည့်တိုင် ပြန်ရောက်ကြောင်းကို ဗိုလ်မှူးကြီးမူတာဂူချီထံသို့လည်းကောင်း၊ အခြားသော အထက်အရာရှိများသို့လည်းကောင်း ထပ်မံတင်ပြခြင်းမပြု။ နှစ်ဖက်စစ်ဘက်ထိပ်တန်း ခေါင်းဆောင်များအကြား တင်းမာမှုအရှိန် မြင့်သွားရသည်။

သိမ်းပိုက်

ဇူလိုင်လ ၈ ရက် နံနက် ၃ နာရီခွဲတွင် ဂျပန်တပ်များကိုအင်အားဖြည့်သည်။ နံနက် ၄ နာရီ မိနစ် ၅၀ တွင် ဝမ်ပင်းမြို့တွင်းသို့ ဂျပန်စုံစမ်းထောက်လှမ်းရေးသမားနှစ်ဦးကို ဝင်ခွင့်ပြုသည်။ သို့သော်ဂျပန်စစ်တပ်က နံနက် ၅ နာရီမှစ၍ စက်သေနတ်များဖြင့်ပစ်သည်။ ထိုအတောအတွင်း သံချပ်ကာကားများနှင့်အတူချီတက်လာသည့် ဂျပန်တပ်က မာကိုပိုလိုတံတားကို စတင်တိုက်ခိုက်သည်။ တရုတ်တပ်ဖွဲ့ဝင် ၁၀၀၀ ခန့်နှင့်အတူ ဗိုလ်မှူးကြီးကျိရှင်ဝင်းက မာကိုပိုလိုတံတားကို ရန်သူ့လက်အကျမခံဘဲ အစွမ်းကုန်ခုခံသော်လည်း ဆုတ်ခွာပေးရသည်။ သို့သော် ပတ်ဝန်းကျင်တပ်ကူများဖြင့် အင်အားစုစည်းကာ ဇူလိုင်လ ၉ ရက် နံနက် ၆ နာရီတွင် ပြန်လည်သိမ်းပိုက်နိုင်သည်။

စစ်အင်အားဖြည့်တင်း

နှစ်ဖက်စလုံးက မူလနေရာပြန်ဆုတ်ပြီး အပစ်အခတ်ရပ်စဲမည်ဆိုလျှင် မာကိုပိုလိုတံတားတိုက်ပွဲမှာ ထိုမျှနှင့်ပြီးဆုံးနိုင်ပါသည်။ သို့သော်လည်း ဇူလိုင်လ ၉ ရက် ညသန်းခေါင်မှစ၍ ဂျပန်တပ်က အပစ်အခတ်ရပ်စဲရေးကို စတင်ချိုးဖောက်ရုံမက စစ်အင်အား ဖြည့်တင်းရေးကိုပါ ဆက်လက်လုပ်လာသဖြင့် တိုက်ပွဲကပြင်းထန်လာသည်။ မာကိုပိုလိုတံတားတိုက်ပွဲက တိုက်ပွဲအရှိန်မြင့်ပေးလိုက်သဖြင့် ဂျပန်နှင့် တရုတ်တို့၏ စစ်ပွဲကြီးကို ဦးတည်သွားစေခဲ့သည်။ ။

ကိုးကား-အင်တာနက်

တရုတ်နိုင်ငံ ပေကျင်းမြို့ အနောက်တောင်ဘက် ဝမ်ပင်းမြို့ပြင်ရှိ မာကိုပိုလိုတံတား····။ (အင်တာနက်ဓာတ်ပုံ)





နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)

နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)သည် နျူကလီးယား စွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးချရေး မြှင့်တင်ပေးရန်နှင့် စစ်ရေးအတွက် အသုံးမပြုရေးတားမြစ်ရန် ၁၉၅၇ ခုနှစ် ဇူလိုင် ၂၉ရက်က ဖွဲ့စည်းလိုက်သည့် နိုင်ငံတကာ အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။

လွတ်လပ်စွာဖွဲ့စည်းသည့်အဖွဲ့ဖြစ်သော်လည်း အိုင်အေအီးအေ၏ နည်းဥပဒေအရ ကုလသမဂ္ဂအထွေထွေညီလာခံနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ အစီရင်ခံစာ တင်သွင်းရသည်။

ဖွင့်လှစ်

၎င်းအဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၄၅နိုင်ငံပါဝင်ပြီး အိုင်အေအီးအေဌာနချုပ်ကို ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ဖွင့်လှစ်ထားသည်။ (အပေါ်ပုံ)

ကမ္ဘာပေါ်ရှိ နျူကလီးယားလက်နက်နိုင်ငံများမှာ တရုတ်၊ ပြင်သစ်၊ အိန္ဒိယ၊ မြောက်ကိုရီးယား၊ ပါကစ္စတန်၊ ရုရှား၊ ဗြိတိန်နှင့် အမေရိကန်တို့ဖြစ်ပြီး အစ္စရေးနိုင်ငံမှာ နျူကလီးယားလက်နက်ပိုင်ဆိုင်သည်ဟု အများက ယုံကြည်နေကြသည်။

အိုင်အေအီးအေ၏ဒေသဆိုင်ရာ ဘေးဆီးရန်ကာ ရုံးနှစ်ရုံးကို ကနေဒါနိုင်ငံ တိုရွန်တိုမြို့နှင့် ဂျပန်နိုင်ငံ တိုကျိုမြို့တို့၌ ဖွင့်လှစ်ထားသည်။ ထို့ပြင် အိုင်အေအီးအေကဆက်သွယ်ရေးရုံးနှစ်ရုံးကိုလည်း အမေရိကန်နိုင်ငံ နယူးယောက်မြို့နှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တို့၌ ဖွင့်လှစ်ထားသည်။

ဆွေးနွေး

ယခုအခါ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)သည် ကမ္ဘာတစ်ဝန်း နျူကလီးယားနည်းပညာ ငြိမ်းချမ်းစွာအသုံးချရေးတွင် သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးအတွက် အစိုးရအချင်းချင်းညှိနှိုင်းသည့် အရေးပါသော ဆွေးနွေးစရာဌာနတစ်ခု ဖြစ်နေသည်။ (အင်တာနက်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-ရေးသားသည်

နီပေါအနောက်ပိုင်း၌ ရဟတ်ယာဉ်ပျက်ကျ

*နီပေါနိုင်ငံအနောက်ပိုင်း ဟွမ်လာခရိုင်တွင် နိုဝင်ဘာ ၁၆ ရက်က ရုရှားကုန်တင်ရဟတ်ယာဉ်တစ်စင်းပျက်ကျရာ လေယာဉ်ပေါ်လိုက်ပါလာသူတစ်ဦး သေဆုံးခဲ့ကြောင်း နီပေါအရာရှိများက ပြောကြားသည်။ **(အပေါ်ပုံ)***

ဆီးရီးယားနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် အစ္စရေးအသင့်ရှိနေ

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ဆီးရီးယားတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်ရန်အသင့်ရှိကြောင်း နိုဝင်ဘာ ၁၆ ရက်က ထုတ်ဖော်ပြောကြားသည်။

ကမ္ဘာ့စျေးကွက်၌ ဒေါ်လာတန်ဖိုးကျဆင်း

ကမ္ဘာ့စျေးကွက်တွင် အမေရိကန်ဒေါ်လာတန်ဖိုးများ ကျဆင်းလျက်ရှိရာ ဂျပန်စျေးကွက်တွင် နိုဝင်ဘာ ၁၆ ရက် စျေးကွက်ပိတ်ချိန်၌ ဂျပန်ယန်း ၈၉ ယန်းလျှင် အမေရိကန် တစ်ဒေါ်လာအထိ စျေးကျခဲ့ကြောင်း ဂျပန်အရာရှိများက ပြောကြားသည်။

ပင်လယ်ကွေ့ ခြောက်နိုင်ငံ လူဦးရေတိုးလာမည်

ပင်လယ်ကွေ့ခြောက်နိုင်ငံရှိ လူဦးရေစုစုပေါင်းသည် လာမည့် ၂၀၂၀ ခုနှစ်တွင် ၅၃သန်းခန့်ရှိလာမည်ဖြစ်ပြီး စီးပွားရေးနှင့် ပညာရေးကဏ္ဍများမှာ ယခုထက်နှစ်ဆတိုးမြှင့်လာမည်ဖြစ်ကြောင်း ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီက နိုဝင်ဘာ ၁၆ ရက်၌ သတင်းထုတ်ပြန်သည်။

မက္ကဆီကိုကမ်းလွန်၌ မုန်တိုင်းတိုက်ခတ်

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုပင်လယ်ကွေ့၌ နိုဝင်ဘာ ၁၆ ရက်က တစ်နာရီ မိုင်၆၀ နှုန်းရှိသော မုန်တိုင်းတိုက်ခတ်မှုကြောင့် ပင်လယ်ပြင်တွင် ၁၀ပေခန့်မြင့်သော ရေလှိုင်းကြီးများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ကမ်းလွန်ရေနံလုပ်ငန်းများ ထိခိုက်မှုအနည်းငယ်ရှိခဲ့ကြောင်း မက္ကဆီကိုနိုင်ငံ မိုးလေဝသဌာနက သတင်းထုတ်ပြန်သည်။

ကမ္ဘာ့စျေးကွက်၌ ရွှေစျေးနှုန်းမြင့်တက်

ကမ္ဘာ့စျေးကွက်၌ ရွှေစျေးများပြန်လည်မြင့်တက်လျက်ရှိရာ တရုတ်ရွှေစျေးကွက်၌ နိုဝင်ဘာ ၁၆ရက်စျေးပိတ်ချိန်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၀၃၄၅ ဒေါ်လာအထိရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

စပိန်နိုင်ငံ မက်ဒရစ်မြို့မြောက်ပိုင်း၌ နှင်းများထူထပ်သိပ်သည်းစွာကျဆင်း

စပိန်နိုင်ငံ မက်ဒရစ်မြို့မြောက်ပိုင်းဒေသများတွင် နိုဝင်ဘာ ၁၆ ရက်က ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့ရာ လမ်းများပေါ်၌ ဆီးနှင်းများ တစ်ပေခန့်အထိ မြင့်တက်ခဲ့ကြောင်း စပိန်အရာရှိများက ပြောကြားသည်။

တရုတ်လေ့ကျင့်ရေးစစ်သင်္ဘော ပြန်လည်ဆိုက်ရောက်

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ရေတပ်လေ့ကျင့်ရေးသင်္ဘောကျန့်ဟီသည် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံများသို့သွားရောက်ပြီးနောက် တရုတ်နိုင်ငံသို့ နိုဝင်ဘာ ၁၆ ရက်က ပြန်လည်ဆိုက်ရောက်လာကြောင်း တရုတ်စစ်ဘက် အရာရှိများက ပြောကြားသည်။ (အောက်ပုံ) *(အင်တာနက်)*

ဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ မဟာစေတီရင်ပြင်ရှိ တန်ဆောင်းတော်အတွင်း ကိန်းဝပ်စံပယ်သည့် လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်းနှင့် ဆီမီးများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် သီရိလင်္ကာနိုင်ငံ အနုရဓပူရ ရှေးဟောင်းယဉ်ကျေးမှုဒေသသို့ သွားရောက်

နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး Hon. Mr. Mahinda Yapa Abeywardena နှင့်ဇနီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာနယူတန် ဂုဏရတနာနှင့်ဇနီးတို့ လိုက်ပါလျက် နိုဝင်ဘာ ၁၄ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကန္ဒီမြို့မှ အနုရဓပူရ ရှေးဟောင်းယဉ်ကျေးမှုဒေသသို့ သွားရောက်ကြပြီး မဟာစေတီနှင့် မဟာဗောဓိပင်တို့အား လှည့်လည်ဖူးမြော်ကာ ရွှေကြာသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းကြသည်။

သွားရောက်ဖူးမြော်

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မော်တော်ယာဉ်များဖြင့် အနုရဓပူရ ရှေးဟောင်းယဉ်ကျေးမှုဒေသသို့ ရောက်ရှိကြပြီး North Central Province ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့ လိုက်ပါလျက် မဟာစေတီကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ပဲလေဂါမ ဟေမရတန (Ven. Pallegama Hemarathana) အား သွားရောက်ဖူးမြော်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် မဟာစေတီကျောင်းတိုက် ပဓာနနာယကဆရာတော်ထံ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားဆင်းတုတော်၊ ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မဟာစေတီသို့ သွားရောက်ဖူးမြော်ကြပြီး စေတီတော်ရင်ပြင်ရှိ တန်ဆောင်းတော်အတွင်း ကိန်းဝပ်စံပယ်သည့် လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်းနှင့်ဆီမီးများ ဆက်ကပ်လှူဒါန်းကာ ဖူးမြော်ကြည်ညိုကြသည်။

အနုရဓပူရ ရှေးဟောင်းယဉ်ကျေးမှုဒေသရှိ မဟာစေတီအား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ဆီမီး၊ နံ့သာတိုင်နှင့် ရွှေကြာသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းပြီး ဖူးမြော်ကြည်ညိုကြသည်။

ကြည်ညို

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ညနေ ၃နာရီ ၅၅မိနစ်တွင် *စာမျက်နှာ ၈ ကော်လံ ၆ သို့*

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ မဟာဗောဓိပင်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းပြီး ဗုဒ္ဓမြတ်စွာအား ရည်မှန်းအာရုံပြု ဖူးမြော်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ နေပြည်တော်သို့ ပြန်လည်ထွက်ခွာ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သံရုံးဝန်ထမ်းများအား ဩဝါဒစကားမြွက်ကြား

ပြန်လည်မထွက်ခွာမီ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့မှ နေပြည်တော်သို့ ပြန်လည်မထွက်ခွာမီ ဘန္ဒရာနိုက်ကေး အပြည်ပြည်ဆိုင်ရာလေဆိပ် အထူးဧည့်ခန်းမ၌ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာ သီရိဝစ်ခရမ်မာ နာရာကာအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မဟင်ဒါ ရာဂျာပက်ခ်စာ၏ ဖိတ်ကြားချက်အရ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ပြီးနောက် နိုဝင်ဘာ ၁၅ရက် နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် ကိုလံဘိုမြို့မှ နေပြည်တော်သို့ ပြန်လည်ထွက်ခွာကြသည်။

ဂါရဝပြုတွေ့ဆုံ

ယင်းသို့ ကိုလံဘိုမြို့မှ ပြန်လည်မထွက်ခွာမီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးအုန်းသွင်နှင့် ဇနီး ဒေါ်စမ်းစမ်းနွယ်၊ သံရုံးဝန်ထမ်းများနှင့် မိသားစုများက နံနက်ရနာရီတွင် ခေတ္တတည်းခိုသည့် Taj Samudra Colombo ဟိုတယ်ရှိ ဧည့်ခန်းမဆောင်သို့ လာရောက်၍ ဂါရဝပြုတွေ့ဆုံကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ ဂါရဝပြုကန်တော့ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးအုန်းသွင်နှင့်ဇနီး သံရုံးဝန်ထမ်းများနှင့် မိသားစုများအား Taj Samudra Colombo ဟိုတယ်ဧည့်ခန်းမဆောင်၌ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများ အပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို အသေးစိတ်ရှင်းလင်းမှာကြားစဉ်။ (သတင်းစဉ်)

ရှင်းလင်းမှာကြား

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများအပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများကို အသေးစိတ် ရှင်းလင်း မှာကြားသည်။

ဩဝါဒစကားမြွက်ကြား

ထို့နောက် ဗိုလ်ချုပ်မှူးကြီးက သံရုံးဝန်ထမ်းများအနေဖြင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မာရေး၊ စီးပွားရေးဆက်ဆံမှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် နိုင်ငံတကာ မျက်နှာစာတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ကြရေးတို့နှင့်စပ်လျဉ်း၍ ဩဝါဒစကား မြွက်ကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးတို့က သံရုံးဝန်ထမ်းများနှင့်မိသားစုများအတွက် လက်ဆောင်ပစ္စည်းများကို သံအမတ်ကြီးနှင့်ဇနီးတို့ထံ ပေးအပ်ကြသည်။

ခေတ္တရပ်နား

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အဖွဲ့ဝင်များသည် သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကိုလံဘိုမြို့မှ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ပြန်လည်ထွက်ခွာရန် နံနက် ၁၀နာရီတွင် ဘန္ဒရာနိုက်ကေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြပြီး လေဆိပ် အထူးဧည့်ခန်းမ၌ ခေတ္တရပ်နားကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည့် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာ သီရိဝစ်ခရမ်မာနာရာကာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ရိုဟီသာ ဘိုဂိုလာဂါမ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး Hon. Mr. Mahinda Yapa Abeywardena နှင့်ဇနီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ နယူတန် ဂုဏရတနာနှင့်ဇနီး၊ အဆင့်မြင့်အရာရှိကြီးများ၊ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတ နိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးအုန်းသွင်နှင့် ဇနီး၊ သံရုံးဝန်ထမ်းများနှင့် မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ပို့ဆောင်နှုတ်ဆက်

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ပို့ဆောင်နှုတ်ဆက်ကြသူများအား လေယာဉ်လှေကားထိပ်မှ ထပ်မံ၍ နှုတ်ဆက်ကြသည်။

ပြန်လည်ရောက်ရှိ

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် နံနက် ၁၀နာရီခွဲတွင် အထူးလေယာဉ်ဖြင့် ကိုလံဘိုမြို့မှ ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း သထုံခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၆

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းသည် အောက်တိုဘာ ၃၀ရက်က ပေါင်မြို့နယ် ကွဲခြံကျေးရွာအုပ်စု၌ ဒေသခံတောင်သူများ စပါးစုပေါင်းရိတ်သိမ်းခြွေလှေ့နေမှု၊ စပါးအထွက်နှုန်းနှင့် အရည်အသွေးစစ်ဆေးနေမှု၊ ဆောင်းသီးနှံစုဆောင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများထံ နေကြာမျိုးနှင့် ပဲတီစိမ်းမျိုးကို ဖြန့်ဝေပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် ပေါင်မြို့နယ် ကော့ကရင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး သပြေရောင်ခြည်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး **(ယာပုံ)** ကော့ကရင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၊ ပေါင်မြို့နယ် သဲအိမ်ကျေးရွာ(၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ၊ သဲအိမ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း တိုးချဲ့ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီးမှုနှင့် ပေါင်မြို့နယ် အုန်းတပင်ကျေးရွာ လမ်းလုပ်ငန်းဆောင်ရွက်ထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ *ရှေ့ဖုံးမှ*

ကန္ဒီမြို့ရှိ စွယ်တော်တိုက်သို့ သွားရောက်ကြရာ စွယ်တော်ခြံဝင်းဂိတ်အဝင် ကားလမ်းဘေး ဝဲယာတစ်ဖက်တစ်ချက်တို့မှနေ၍ ကျောင်းသားကျောင်းသူလေးများက နှစ်နိုင်ငံအလံငယ်များ ဝှေ့ယမ်း၍လည်းကောင်း၊ နှစ်နိုင်ငံ အကြီးအကဲများ၏ ဓာတ်ပုံဆိုင်းဘုတ်များကို စိုက်ထူ၍လည်းကောင်း ဂုဏ်ပြုကြိုဆိုကြပြီး မြင်းစီးတပ်ဖွဲ့ဝင်များက စွယ်တော်ခြံဝင်းဂိတ်မုခ်ဦးမှ ကြိုဆိုကြသည်။

စွယ်တော်တိုက်အဝင်ဂိတ်ရောက်ရှိ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် စွယ်တော်ခြံဝင်းဂိတ် မုခ်ဦးမှနေ၍ သာသနာ့အလံကိုင်အဖွဲ့များဦးဆောင်ကာ ရိုးရာစည်တော်ရွှမ်းအဖွဲ့များ၊ ဆင်ရတနာများနှင့် ယဉ်ကျေးမှုအကအဖွဲ့ဝင်များ ခြံရံလိုက်ပါလျက် စွယ်တော်တိုက်အဝင်ဂိတ်သို့ ရောက်ရှိကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စွယ်တော်တိုက်သို့ ရောက်ရှိကြရာ စွယ်တော်ထိန်းအမတ် Mr. Pradeep Nilanga Dela Diyawada နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စွယ်တော်တိုက်အတွင်း ကိန်းဝပ်အပူဇော်ခံယူတော်မူလျက်ရှိသည့် ဗုဒ္ဓစွယ်တော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စွယ်တော်တိုက်ဝင်းအတွင်းရှိ နိုင်ငံတကာ ဗုဒ္ဓပြတိုက်သို့သွားရောက်ကြပြီး မြန်မာနိုင်ငံအတွက် သီးသန့်ခွဲဝေပေးထားသော မြန်မာပြခန်းဆောင် ဖွင့်လှစ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးအုန်းသွင်က ဖဲကြိုးဖြတ်၍ မြန်မာပြခန်းဆောင်ကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က စွယ်တော်တိုက်၌ ပူဇော်ထားရှိနိုင်ရန် ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူအား သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ၏ အပြည်ပြည်ဆိုင်ရာ ဘာသာရေးနှင့်ယဉ်ကျေးမှု အကြံပေးပုဂ္ဂိုလ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဘောဓဂါမစန္ဒိမာထံ လှူဒါန်းသည်။

ပြန်လည်ပေးအပ်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ကန္ဒီမြို့ စွယ်တော်တိုက်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ စွယ်တော်ထိန်းအမတ် Mr. Pradeep Nilanga Dela Diyawada က လက်ခံပြီး ဓမ္မလက်ဆောင်များကို ပြန်လည်ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စွယ်တော်ထိန်းအမတ်နှင့် တာဝန်ရှိသူများနှင့်အတူ နိုင်ငံတကာ ဗုဒ္ဓပြတိုက်ရှေ့၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ကန္ဒီမြို့ရှိ ဆရာတော် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို နံနက် ၁၀နာရီ ၄၅မိနစ်တွင် စွယ်တော်တိုက်ဆွမ်းစားဆောင်၌ ကျင်းပရာ သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့ စွယ်တော်တိုက်၏ အဓိပတိဆရာတော် စိယမ်မဟာနိကာယ Asgiriya ဂိုဏ်း မဟာနာယကဆရာတော် Most Ven. Udugama Rathanapala Buddharakkitha အမှူးပြုတော်မူသော ဆရာတော် သံဃာတော် ၅၄ပါးတို့ ကြွရောက်ချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် စွယ်တော်တိုက်ဆွမ်းစားဆောင်၌ ကိန်းဝပ်စံပယ်တော်မူသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆွမ်းနှင့် ရေချမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ကန္ဒီမြို့ရှိ ဆရာတော် သံဃာတော်များအား ဆွမ်းဆက်ကပ် လှူဒါန်းပွဲတွင် ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ထို့နောက် စိယမ်မဟာနိကာယ Malwatta ဂိုဏ်း ပဓာနနာယက ဆရာတော် Ven. Niyanogoda Sri Vijithasiri ထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်အား ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဟောကြားချီးမြှင့်

ယင်းနောက် စိယမ်မဟာနိကာယ Malwatta ဂိုဏ်း ပဓာနနာယက ဆရာတော် Ven. Niyanogoda Sri Vijithasiri က အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူရာ ပရိသတ်များက နာကြားကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် စိယမ်မဟာနိကာယ Asgiriya ဂိုဏ်း အဓိပတိဆရာတော်နှင့် စိယမ်မဟာနိကာယ၏ Asgiriya နှင့် Malwatta ဂိုဏ်းတို့မှ ပဓာနနာယကဆရာတော်များအား ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များက ဆရာတော် သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် စွယ်တော်တိုက်ဝင်းအတွင်း ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် (ဗန္ဓရ)သရက်ပင်ကို စိုက်ပျိုးပေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ စွယ်တော်တိုက်ဝင်းအတွင်း ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် (ဗန္ဓရ) သရက်ပင်ကို စိုက်ပျိုးပေးကြစဉ်။ (သတင်းစဉ်)

ကန္ဒီမြို့ စွယ်တော်တိုက်ကို တွေ့ရစဉ်။

စာမျက်နှာ ၆ မှ

မဟာဗောဓိကျောင်းတိုက်သို့ ရောက်ရှိကြပြီး မဟာဗောဓိကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဲလေဂါမ သီရိနိဝါသ (Ven. Pallegama Siriniwasa) အား ဖူးမြော်ကြည်ညိုကြသည်။

ဆုတောင်းမေတ္တာပို့

ရှေးဦးစွာ မဟာဗောဓိကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ပဲလေဂါမ သီရိနိဝါသက ဆုတောင်း မေတ္တာပို့သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်၊ ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော် ဘဒ္ဒန္တ ပဲလေဂါမ သီရိနိဝါသထံ ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ဆရာတော် ဘဒ္ဒန္တ ပဲလေဂါမ သီရိနိဝါသက ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား ဓမ္မလက်ဆောင်အဖြစ် မဟာဗောဓိပင်ပျိုးနှင့် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူတို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မဟာဗောဓိပင်အား သွားရောက်ဖူးမြော်ကြပြီး ပန်းများဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် မဟာဗောဓိပင်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းပြီး ဗုဒ္ဓမြတ်စွာအား ရည်မှန်းအာရုံပြု ဖူးမြော်ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် မဟာဗောဓိကျောင်း ပဓာနနာယကဆရာတော်နှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အနုရဓပူရ ရှေးဟောင်းယဉ်ကျေးမှုဒေသမှ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံမြို့တော် ကိုလံဘိုမြို့သို့ ဆက်လက် ထွက်ခွာရန်အတွက် အနုရဓပူရ ရှေးဟောင်းယဉ်ကျေးမှုဒေသလေဆိပ်သို့ ရောက်ရှိကြရာ North Central Province ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က လိုက်ပါပို့ဆောင်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ညနေ ၅နာရီ မိနစ် ၅၀တွင် ကိုလံဘိုမြို့သို့ ရောက်ရှိကြပြီး ခေတ္တတည်းခိုမည့် ကိုလံဘိုမြို့ရှိ Taj Samudra Colombo ဟိုတယ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိရပ်နားကြသည်။ **(သတင်းစဉ်)**

ကိုက်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ို့ ရောက်ရှိကြပြီး မဟာဗောဓိကျောင်း ပဓာန ပဲလေဂါမ သီရိနိဝါသ (Ven. Pallegama ဂ်ကြည်ညိုကြသည်။

ဆုတောင်းမေတ္တာပို့

ကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ပဲလေဂါမ မေတ္တာပို့သည်။

ူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် င်းတုတော်၊ ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်း ပဲလေဂါမ သီရိနိဝါသထံ ဆက်ကပ်လှူဒါန်း

ပေးအပ်ချီးမြှင့်

တော် ဘဒ္ဒန္တ ပဲလေဂါမ သီရိနိဝါသက င့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား ဓမ္မလက်ဆောင် င့် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူတို့ကို ပေးအပ်ချီးမြှင့်

ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဂက်ဖူးမြော်ကြပြီး ပန်းများဆက်ကပ်လှူဒါန်းကြ

်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် သင်္ကန်း ဆက်ကပ်လှူဒါန်းပြီး ဗုဒ္ဓမြတ်စွာအား ကြသည်။

်တမ်းတင်ဓာတ်ပုံရိုက်

ကျောင်း ပဓာနနာယကဆရာတော်နှင့် မှတ်တမ်း

်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ယဉ်ကျေးမှုဒေသမှ သီရိလင်္ကာဒီမိုကရက်တစ် ို့တော် ကိုလံဘိုမြို့သို့ ဆက်လက် ထွက်ခွာရန် းဟောင်းယဉ်ကျေးမှုဒေသလေဆိပ်သို့ ရောက်ရှိ rovince ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ပြည်နယ် ူတို့က လိုက်ပါပို့ဆောင်ကြသည်။

်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ညနေ ံဘိုမြို့သို့ ရောက်ရှိကြပြီး ခေတ္တတည်းခိုမည့် dra Colombo ဟိုတယ်သို့ မော်တော်ယာဉ် ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား

အနုရဓပူရ ရှေးဟောင်းယဉ်ကျေးမှုဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က နေ့လယ်စာတည်ခင်း

နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား အနုရဓပူရ ရှေးဟောင်းယဉ်ကျေးမှုဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူး (North Central Province Governor) Hon. Mr. Karunarathne Diulgane နှင့် ပြည်နယ်ဝန်ကြီးချုပ် (North Central Province Chief Minister) Hon.Mr.Berty Premalal Dissanayake တို့က နိုဝင်ဘာ ၁၄ရက် မွန်းလွဲပိုင်းတွင် အနုရဓပူရ ရှေးဟောင်းယဉ်ကျေးမှုဒေသရှိ ပြည်နယ်ဝန်ကြီးချုပ်၏ အိမ်တော်၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် မွန်းလွဲ ၁နာရီ ၁၅မိနစ်တွင် အနုရဓပူရ ရှေးဟောင်းယဉ်ကျေးမှု ဒေသရှိ ပြည်နယ်ဝန်ကြီးချုပ်၏ အိမ်တော်သို့ ရောက်ရှိကြရာ North Central Province ပြည်နယ် အုပ်ချုပ်ရေးမှူး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဂုဏ်ပြုနေ့လယ်စာစားပွဲတက်ရောက်

အဆိုပါ ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးနှင့်ဇနီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံဆိုင်ရာပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီးနှင့် ဇနီး၊ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး North Central Province ပြည်နယ် အုပ်ချုပ်ရေးမှူး Hon. Mr. Karunarathne Diulgane၊ ပြည်နယ်ဝန်ကြီးချုပ် Hon. Mr. Berty Premalal Dissanayake နှင့်ဇနီးတို့နှင့်အတူ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး Hon. Mr. Mahinda Yapa Abeywardena နှင့်ဇနီး၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ နယူတန် ဂုဏရတနာနှင့် ဇနီးတို့ တက်ရောက်ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်အပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက်ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် လက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။

အမှတ်တရလက်ဆောင်ပေး

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ပြည်နယ်အုပ်ချုပ်ရေးမှူးအား အမှတ်တရလက်ဆောင်ကို ပေးအပ်ကြသည်။

ပြန်လည်ထွက်ခွာ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး North Central Province ပြည်နယ်ဝန်ကြီးချုပ် အိမ်တော်မှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အနုရဓပူရ ရှေးဟောင်းယဉ်ကျေးမှုဒေသ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား လက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြစဉ်။ (သတင်းစဉ်)

လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အနုရဓပူရ ရှေးဟောင်းယဉ်ကျေးမှုဒေသ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား လက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြစဉ်။

(သတင်းစဉ်)

တောင်ကုတ်ကျေးရွာ စာကြည့်တိုက်များအတွက် မဂ္ဂဇင်းနှင့် ဂျာနယ်များလှူဒါန်း

တောင်ကုတ် နိုဝင်ဘာ ၁၆

ကျေးရွာစာကြည့်တိုက်များအတွက် မဂ္ဂဇင်းနှင့် ဂျာနယ်မျိုးစုံ လှူဒါန်းပွဲကို နိုဝင်ဘာ ၂ရက် မွန်းတည့် ၁၂နာရီက တောင်ကုတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လက်ခံယူ

အခမ်းအနားတွင် အလှူရှင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းအောင်နီ မိသားစုမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းအုပ်၅၀ နှင့် ဂျာနယ်မျိုးစုံစောင်ရေ ၁၀၀၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်စိုး မိသားစုမှ မဂ္ဂဇင်းမျိုးစုံ၄၅အုပ်နှင့် ဂျာနယ်မျိုးစုံ ၁၅၀ ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူးဦးမြင့်ရွှေက လက်ခံယူသည်။ ***(မြို့နယ် ပြန်/ဆက်)***

မြန်မာနယူးစ်ဝိခ်ဂျာနယ် ယခုအပတ်ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၁၆

အမေရိကန်သမ္မတအိုဘားမား၏ အေပက်အစည်းအဝေးနှင့် မြန်မာနိုင်ငံအရေး သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်အတွဲ(၂)၊ အမှတ်စဉ်(၃)ကို ယနေ့ဖြန့်ချိထားသည်။

မကြာမီ ပြောင်းလဲမည့် ရာဟုဂြိုဟ်နှင့်ပတ်သက်၍ စိန်၏ အစွမ်းများနှင့် ယနေ့ စိန်ဈေးနှုန်း၊ နိုင်ငံတော်ပိုင် စက်ရုံတိုက်ခန်းမြေနေရာ အိတ်ပိတ် တင်ဒါလေလံအောင်သူများ လုပ်ငန်းများစတင်ရန် လုပ်ဆောင်ပြင်ဆင်နေ၊ တင်ဒါမအောင်မြင်သူများအနေဖြင့် ၎င်းတို့ ယှဉ်ပြိုင်သော တင်ဒါကို မည်သည့်ဈေးနှုန်းဖြင့် အနိုင်ရရှိသွားသည်ကို ကြေညာပေးရန် ဆန္ဒရှိနေ၊ မြန်မာသီချင်းပုဒ်ရေ ၁၀၀ကျော်ကို MP3 ထိုင်းကုမ္ပဏီမှ ဝယ်ယူမည်၊ ကားလေလံများ ဆက်တိုက်ပစ်နေခြင်းကြောင့် ဝယ်ရောင်းများအနေဖြင့် အခက်အခဲများကြုံနေရသည့် ကားဈေးကွက်၊ စိန်ဈေးကွက်မှာ အရောင်းအဝယ် အေးနေသောကြောင့် အတုအပများကို သတိထားရန်လိုအပ်သည်ဟုဆို၊ တရုတ်နိုင်ငံထုတ် ဆိုင်ကယ်သစ်များ ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်၊ မြန်မာသရဲကားများ ထပ်မံရိုက်ကူးခွင့်မရှိတော့၊ ထိုင်းဘုရင်မွေးနေ့ မြန်မာ အဆိုတော်များ သွားရောက်ဖျော်ဖြေမည်၊ မြန်မာငွေဈေးတက် ဒေါ်လာဈေးကျ၊ အိမ်ရှင်မရှိသည့် နေအိမ်များမှ ခိုးမှုများကျူးလွန်ထားသူဆိုသူကို စစ်ဆေးရာက ကျပ်သိန်း ၅၀၀ကျော် ရွှေထည်ပစ္စည်းနှင့် ငွေများခိုးယူမှု ၁၉မှုပေါ်ပေါက်၊ မြန်မာ့လေကြောင်း လေယာဉ်သစ်သုံးစင်းထပ်မံဝယ်ယူပြေးဆွဲမည်၊ ကမ္ဘာ့ရေစီးကြောင်းနှင့်အညီ ပြောင်းလဲလာရသည့် ကင်းဘရစ်ချ်တက္ကသိုလ်ပညာရေး၊ မြန်မာနှင့် တရုတ်နိုင်ငံတို့နယ်စပ်ကုန်သွယ်ရေးတွင် တိုက်ရိုက် ဘဏ်စနစ်ကို ထူထောင်သွားမည်၊ ထိုင်းတွင်လုပ်သော အလုပ်သမားတိုင်း ထိုင်းနိုင်ငံကူးလက်မှတ် မလုပ်လိုကြ၊ အရှေ့အလယ်ပိုင်းဒေသတွင် အောင်မြင်မှုရရှိနေသည့် ရုရှား၏ လက်နက်ရောင်းချရေး နည်းဗျူဟာ၊ အီရန်က လျှို့ဝှက်ထိန်းချုပ်ထားသည့် အလ္လာဗီဖောင်ဒေးရှင်းပိုင် မိုးမျှော်တိုက်နှင့် ဗလီလေးလုံး အမေရိကန်အစိုးရ သိမ်းယူမည်၊ စစ်ရေး ခြိမ်းခြောက်မှုအသစ်များ ထပ်မံပြုလုပ်သည့် မြောက်ကိုရီးယားစသည့် နောက်ဆုံးရပြည်တွင်း ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိသည်။

ထုတ်ဝေ

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေလျက်ရှိသည်။ **(သတင်းစဉ်)**

ရွှေတောင် အထက (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရွှေတောင် နိုဝင်ဘာ ၁၆

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၈ရက် (နတ်တော်လဆန်း ၁၂ရက်) စနေနေ့ မွန်းလွဲ ၂နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အနားယူသွားကြသော သက်ပြည့်ဆရာကြီး ဆရာမကြီးများ ကန်တော့ခံ တက်ရောက်ပါရန်နှင့် ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

လှူဒါန်းနိုင်

ကုသိုလ်ပါဝင် လှူဒါန်းလိုကြသော ကျောင်းသား ကျောင်းသူဟောင်းများသည် အလှူငွေများကို ဦးခင်မောင်သန်း (ဇဝရတ်) ဆီစက်၊ ဆန်စက်၊ ဖုန်း-၀၅၃-၅၅၀၆၉ နှင့် ဦးခင်မောင်လွင် ဖုန်း-၀၅၃- ၅၅၃၅၅တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

အာဆီယံ-အမေရိကန်ခေါင်းဆောင်များအစည်းအဝေး တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုဝင်ဘာ ၁၅ရက် ညနေ ၃နာရီ မိနစ်၂၀တွင် စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့ ရှန်ဂရီလာဟိုတယ်၌ ကျင်းပသည့် ပထမအကြိမ် အာဆီယံ-အမေရိကန် ခေါင်းဆောင်များအစည်းအဝေးသို့ တက်ရောက်သည်။

တက်ရောက်

ပထမအကြိမ် အာဆီယံ-အမေရိကန်ခေါင်းဆောင်များ အစည်းအဝေးသို့ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုယိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီမိုဟာမက်နာဂျစ် ဘင်ထွန်းဟာဂျီ အဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာကါပါကဲလ်အာရိုယို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အပီဆစ်ဝဲ့ချာချီဝ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ငုယင်ထရီယက်၊ အမေရိကန်ပြည်ထောင်စုနိုင်ငံ သမ္မတ ဘားရက်အိုဘားမားနှင့် အာဆီယံ အတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်တို့ တက်ရောက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့ ရှန်ဂရီလာဟိုတယ်၌ ကျင်းပသည့် ပထမအကြိမ် အာဆီယံ-အမေရိကန် ခေါင်းဆောင်များ အစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

အဆိုပါ ခေါင်းဆောင်များ အစည်းအဝေးသို့တက်ရောက်ရန် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အမေရိကန်ပြည်ထောင်စုနိုင်ငံ သမ္မတတို့သည် ညနေ ၃နာရီတွင် ခေါင်းဆောင်များ အစည်းအဝေးကျင်းပမည့် ရှန်ဂရီလာဟိုတယ်သို့ ရောက်ရှိလာကြရာ အိမ်ရှင် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းက ကြိုဆိုနှုတ်ဆက်သည်။

ခေါင်းဆောင်များ အစည်းအဝေးမစတင်မီ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

နှုတ်ခွန်းဆက်စကား

ထို့နောက် ခေါင်းဆောင်များအစည်းအဝေးကို စတင်ကျင်းပရာ စင်ကာပူသမ္မတ နိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အဖွင့်အမှာစကားပြောကြား

ယင်းနောက် အာဆီယံအဖွဲ့ အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အပီဆစ်ဝဲ့ချာချီဝက အစည်းအဝေး အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ အာဆီယံ-အမေရိကန် ဆွေးနွေးဖက်ညှိနှိုင်းရေးမှူး ဖိလစ်ပိုင်သမ္မတ နိုင်ငံ သမ္မတ မဒမ်ဂလိုရီယာမာကါပါကဲလ်အာရိုယိုက မိန့်ခွန်းပြောကြားပြီး အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အမေရိကန်ပြည်ထောင်စုနိုင်ငံ သမ္မတတို့သည် အာဆီယံ-အမေရိကန် အကျိုးတူကိစ္စများကို ဆွေးနွေးကြကာ ညနေ ၅နာရီခွဲတွင် ပထမအကြိမ် အာဆီယံ-အမေရိကန်ခေါင်းဆောင်များ အစည်းအဝေးကို ကျင်းပပြီးစီးသည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှန်ဂရီလာ ဟိုတယ်မှ ခေတ္တတည်းခိုသည့် MANDARIN ORIENTAL HOTEL သို့ ပြန်လည် ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ပထမအကြိမ် အာဆီယံ-အမေရိကန် ခေါင်းဆောင်များ အစည်းအဝေးသို့ တက်ရောက်လာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား အိမ်ရှင် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းက ရှန်ဂရီလာဟိုတယ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပထမအကြိမ် အာဆီယံ-အမေရိကန် ခေါင်းဆောင်များ အစည်းအဝေးမစတင်မီ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၇-၁၁-၂၀၀၉ ရက်

(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ ကွန်ချောင်းရေလှောင်တမံ
၈:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
၈:၁၀ ၇။ **တန်ဖိုး**
၈:၂၀ ၈။ တေးဂီတအစီအစဉ်
၈:၃၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ အတီးပြိုင်ပွဲ
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄:၁၀ ၂။ အကပြိုင်ပွဲ
၄:၂၀ ၃။ ကြေးမုံရိပ်သွင် တေးနုယဉ်
၄:၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၄:၅၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀ ၆။ တေးဂီတအစီအစဉ်
၅:၁၅ ၇။ **ရှင်သန်ခြင်း**
၅:၄၀ ၈။ ရင်မှာစွဲထင် တေးအလှသံစဉ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၁။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆:၃၅ ၁၂။ **ဆိုလိုက်ကြစို့**
၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (အပိုင်း-၉)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ မြန်မာရုပ်ရှင် **ရင်ထဲက ဆောင်းရာသီ** (အပိုင်း-၂) လွင်မိုး၊ ထွန်းအိန္ဒြာဗို၊ မြတ်ကေသီအောင်၊ အိဖြူစိုး (ဒါရိုက်တာ-မောင်ဝဏ္ဏ)
၁၈။ အစီအစဉ်ပြီး၏။

အရှေ့ပိုင်းဒေသများ၌ ညအပူချိန် အနည်းငယ်ကျဆင်းမည်

နေပြည်တော် နိုဝင်ဘာ ၁၆

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး ကျန်ဒေသများတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပူတာအိုမြို့နှင့် မချမ်းဘောမြို့တို့တွင် ဝ ဒသမ ၂၈လက်မစီနှင့် ပြင်ဦးလွင်မြို့တွင် ဝ ဒသမ ၂၀လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

နိုဝင်ဘာ ၁၇ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာ ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်ကျဆင်းမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နိုဝင်ဘာ ၁၇ ရက် ညနေအထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နိုဝင်ဘာ ၁၇ ရက် ညနေအထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နိုဝင်ဘာ ၁၇ရက် ညနေအထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပထမအကြိမ် အာဆီယံ-အမေရိကန်ခေါင်းဆောင်များ အစည်းအဝေးတက်ရန် စင်ကာပူသမ္မတနိုင်ငံသို့ ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့၌ကျင်းပမည့် ပထမအကြိမ် အာဆီယံ-အမေရိကန် ခေါင်းဆောင်များအစည်းအဝေးသို့ တက်ရောက်ရန် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် နိုဝင်ဘာ ၁၄ရက်က ပြည်ထောင်စုမြန်မာနိုင်ငံမှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် ည ၉နာရီ ၁၅မိနစ်တွင် စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့ ချန်ဂီအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား စင်ကာပူ သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီး Mr. Raymond Lin Siang Keat နှင့် တာဝန်ရှိသူများ၊ စင်ကာပူ သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးဝင်းမြင့်နှင့် သံရုံးမှ တာဝန်ရှိသူများက ချန်ဂီအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ချန်ဂီအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ခေတ္တတည်းခိုမည့် MANDARIN ORIENTAL HOTEL သို့ရောက်ရှိရာ စင်ကာပူ သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ ဝန်ထမ်းများက ပန်းစည်း ပေးအပ်၍ ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် MANDARIN ORIENTAL HOTEL တွင် ညအိပ်ရပ်နားကြသည်။ **(သတင်းစဉ်)**

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့ ချန်ဂီအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် စင်ကာပူသမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီး **Mr. Raymond Lin Siang Keat** နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံရုံး၌ သံရုံးဝန်ထမ်းများနှင့် မိသားစုများအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးရှိ သံရုံးမိသားစုများအား တွေ့ဆုံမှာကြား

နေပြည်တော် နိုဝင်ဘာ ၁၆

စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့၌ရောက်ရှိနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုဝင်ဘာ ၁၅ရက် ည၇နာရီက စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံရုံး၌ သံရုံးဝန်ထမ်းများနှင့် သံရုံးမိသားစုများအား တွေ့ဆုံမှာကြားသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် ည၇နာရီတွင် စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိကြရာ သံအမတ်ကြီး ဦးဝင်းမြင့်နှင့် ဇနီး၊ သံရုံးမိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား သံအမတ်ကြီးနှင့်ဇနီး၊ သံရုံးဝန်ထမ်းများ မိသားစုများက မြန်မာ့ရိုးရာဓလေ့ ထုံးတမ်းစဉ်လာနှင့်အညီ ဂါရဝပြုကန်တော့ကြသည်။

လက်ဆောင်ပေးအပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏လက်ရှိစီးပွားရေး၊ လူမှုရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေနှင့် နိုင်ငံတကာ ဆက်ဆံရေး တိုးတက်ဖြစ်ပေါ်မှုများကို ရှင်းလင်းပြောကြားကာ သံရုံးဝန်ထမ်းများ၊ မိသားစုများအနေနှင့် စည်းစည်းလုံးလုံးဖြင့် စင်ကာပူသို့ ရောက်ရှိနေကြသော မြန်မာနိုင်ငံသားများကို ကူညီစောင့်ရှောက်ရေး၊ မြန်မာ-စင်ကာပူ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားရေး မှာကြားပြီး လက်ဆောင်ပစ္စည်းများပေးအပ်သည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြန်လည်ရောက်ရှိ

အာဆီယံ-အမေရိကန်ခေါင်းဆောင်များ အစည်းအဝေးတက်ရောက်ခဲ့

နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့၌ ကျင်းပသည့် ပထမအကြိမ် အာဆီယံ-အမေရိကန် ခေါင်းဆောင်များအစည်းအဝေး တက်ရောက်ခဲ့ပြီးနောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် စင်ကာပူသမ္မတနိုင်ငံမှ ပြည်ထောင်စုမြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် ယနေ့ နံနက် ၇နာရီခွဲက ခေတ္တတည်းခိုသည့် MANDARIN ORIENTAL HOTEL မှ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

နှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပို့ဆောင်နှုတ်ဆက်ကြသည့် စင်ကာပူသမ္မတနိုင်ငံ လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီး မစ္စတာဂန်ကင်ယောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာနအကြီးအကဲ Mr.Lim Cheng Ho၊ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးဝင်းမြင့်နှင့် သံရုံးဝန်ထမ်းများအား နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ကြရာ ရန်ကုန်မြို့သို့ရောက်ရှိကြပြီး ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၁၁-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+မေတ္တသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ဗုဒ္ဓကာတနှင့် အဗုဒ္ဓကာတ** တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သဲလွန်စများ** (အပိုင်း-၂၃)
- ၈:၃၀ 25th SEA GAME အတွက် ကြိုတင်ပြင်ဆင်နေမှုများ (မြားပစ်)
- ၈:၄၅ Activities in the City (Ta-Fa Trading Co., Ltd. ၏ အရောင်းပြခန်းဖွင့်ပွဲ)
- ၉:၀၀ တနင်္ဂနွေမိုးရေစက်များ
- ၉:၀၅ ဆီထွက်သီးနှံများထဲမှ 'ဆီအုန်း'
- ၉:၃၀ Sunday Talk
- ၁၀:၃၀ ဖန်သားရုပ်မြင် စာဆိုသဘင် (စာရေးဆရာ လယ်တွင်းသား စောချစ်)(စာဆိုဂုဏ်ရည်ပူဇော်သည်)
- ၁၁:၁၅ ထန်းပင်မှဖြစ်သည့် အနုပညာ (ထန်းပန်းချီ)
- ၁၁:၂၅ Cartoon Show Time (CHICKEN RUN)
- ၁၂:၀၅ ဟူးကောင်းကျားများ တည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
- ၁၂:၂၅ သင်ကြားရေးလမ်းညွှန် (Stark School of Visual art ဒီဇိုင်း၊ တည်းဖြတ်နှင့် ရုပ်မြင်အထူး ပြုလုပ်ချက် ဖန်တီးမှုသင်တန်း)
- ၁၂:၄၅ **ကေကေတီ** တေးအယ်လ်ဘမ်
- ၁:၀၀ **ဗုဒ္ဓကာတနှင့် အဗုဒ္ဓကာတ** တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival (Romantic Couple -2)
- ၃:၃၀ Activities in the City (Ta-Fa Trading Co., Ltd. ၏ အရောင်းပြခန်းဖွင့်ပွဲ)
- ၃:၅၀ တနင်္ဂနွေမိုးရေစက်များ
- ၄:၀၅ ဆီထွက်သီးနှံများထဲမှ 'ဆီအုန်း'
- ၄:၂၅ World of Knowledge (Somewhere in China Ice City)
- ၅:၁၅ **တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ** (မွေးမြူရေးအစာထုတ်လုပ်ရေး)
- ၅:၃၀ Celebrity Style (Alex)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့်နှစ် (၆၀) ပြည့် အထိမ်းအမှတ်အတွက် အက်အယ်လ်တိုးစီ အနုပညာအဖွဲ့မှ ဖျော်ဖြေ တင်ဆက်မှုအခမ်းအနား
- ၇:၀၅ Fashion Music Festival (Romantic Couple -2)
- ၇:၄၅ သင်ကြားရေးလမ်းညွှန် (Stark School of Visual art ဒီဇိုင်း၊ တည်းဖြတ်နှင့် ရုပ်မြင်အထူး ပြုလုပ်ချက် ဖန်တီးမှုသင်တန်း)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Cartoon Show Time (CHICKEN RUN)
- ၉:၁၀ Celebrity Style(Alex)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သဲလွန်စများ** (အပိုင်း-၂၃)
- ၁၀:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁၁:၄၅ ကိုယ်ဝန်ဆောင်မိခင်များနှင့် HIV/ AIDS ရောဂါ (ပါမောက္ခဒေါက်တာချစ်စိုး)
- ၁၁:၅၅ **သာယာရွှေပြည် တို့နေပြည်** (ဖြိုးငွေစိုး၊ အောင်ရဲလင်း၊ မေ့စ်၊ ဗေလုဝ၊ ဇင်ဇင်ဇော်မြင့်)
- ၁၂:၃၅ ဖွံ့ဖြိုးဝေဆာသပြေတန်းရှာ ခြေလှေ့စက်လက်မှုပညာ
- ၁၂:၄၅ အပန်းဖြေစရာ မျက်လှည့်ကမ္ဘာ
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အမျိုးသားနေ့ အခမ်းအနား ကြို့ပင်ကောက်၌ ကျင်းပ

ကြို့ပင်ကောက် နိုဝင်ဘာ ၁၆

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် ပန်းတင်အထက်တန်းကျောင်းခွဲ၌ နိုဝင်ဘာ ၁၁ရက် နံနက် ၇နာရီက (၈၉)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသိန်းက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပေးပို့သော အမျိုးသားနေ့သဝဏ်လွှာကို ဖတ်ကြားပြီး စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခဲ့သည်။

(၁၈၀)

သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့ ဝိနယလင်္ကာရရာမ မြန်မာဘုန်းတော်ကြီးကျောင်းတိုက်သို့ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် သင်္ကန်း၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၁၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၏ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ချစ်ကြည်ရေးအလည်အပတ်ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါခဲ့သော သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် နိုဝင်ဘာ ၁၃ရက် ညနေ ၃နာရီက ကန္ဒီမြို့ရှိ ဝိနယလင်္ကာရရာမ မြန်မာဘုန်းတော်ကြီးကျောင်းသို့သွားရောက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုတို့ လှူဒါန်းသော သင်္ကန်း၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ကန္ဒီမြို့ ဝိနယလင်္ကာရရာမ မြန်မာဘုန်းတော်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏနှင့် သီရိလင်္ကာအပြည်ပြည်ဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်၌ တက်ရောက်သင်ကြားလျက်ရှိသော စာသင်သား မြန်မာရဟန်းတော်

ငါးပါးတို့အား ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုတို့က လှူဒါန်းသော သင်္ကန်း၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ကျောင်းတိုက်အတွင်း တည်ဆောက်လျက်ရှိသည့် ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုလေ့လာသည်။

သာသနာရေးဝန်ကြီးသည် နိုဝင်ဘာ ၁၃ရက် နံနက် ၁၀နာရီခွဲတွင် စွယ်တော်တိုက်ဝင်းအတွင်းရှိ နိုင်ငံတကာဗုဒ္ဓပြတိုက် မြန်မာပြခန်းဆောင်၌ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးအုန်းသွင်နှင့် စွယ်တော်ထိန်းအမတ် Mr.Pradeep Nilanga Dela Diyawada တို့က 'မြန်မာနိုင်ငံ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့နှင့် သီရိလင်္ကာနိုင်ငံ စွယ်တော်တိုက်ဂေါပကအဖွဲ့တို့အကြား ဗုဒ္ဓဘာသာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ' (Memorandum of Understanding Between the Sacred Shwedagon Pagoda of the Union of Myanmar and the Temple of the Sacred tooth Relic of the Democratic Socialist Republic of Sri Lanka) လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်အားပေးခဲ့သည်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ကန္ဒီမြို့ရှိ ဝိနယလင်္ကာရရာမ မြန်မာဘုန်းတော်ကြီးကျောင်းဆရာတော်နှင့် စာသင်သားမြန်မာရဟန်းတော်ငါးပါးတို့အတွက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုတို့ လှူဒါန်းသော သင်္ကန်း၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စာချွန်လွှာ လက်မှတ်ရေးထိုး

ကန္ဒီမြို့စွယ်တော်တိုက်ဝင်းအတွင်းရှိ နိုင်ငံတကာဗုဒ္ဓပြတိုက် မြန်မာပြခန်းဆောင်၌ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးအုန်းသွင်နှင့် စွယ်တော်ထိန်းအမတ် **Mr. Pradeep Nilanga Dela Diyawada** တို့ မြန်မာနိုင်ငံ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့နှင့် သီရိလင်္ကာနိုင်ငံ စွယ်တော်တိုက် ဂေါပကအဖွဲ့တို့အကြား ဗုဒ္ဓဘာသာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ခရမ်းမြို့နယ်၌ ပညာသုတစာကြည့်တိုက် ဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၁၆

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ထရန်ကဲကျေးရွာအုပ်စု အောက်ကျင်းကျေးရွာတွင် နိုဝင်ဘာ ၁၃ရက်က ပညာသုတ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းကြည်၊ အလက(ခွဲ) ကျောင်းအုပ်ဆရာကြီး ဦးလှဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ထွေးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြင့်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းကြည်က အမှာစကား ပြောကြားပြီး ဦးစီးမှူး ဒေါ်တင်တင်ထွေးက စာကြည့်တိုက် ရေရှည်တည်တံ့ရေး လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကာ စာအုပ်မျိုးစုံ ၁၅၀ကို ကျေးရွာဥက္ကဋ္ဌ ဦးမြင့်အောင်ထံ ပေးအပ်လှူဒါန်းသည်။

(မြို့နယ် ပြန်/ဆက်)

(၈၉)နှစ်မြောက် အမျိုးသားနေ့ပြပွဲ ဒဂုံမြို့သစ်(မြောက်ပိုင်း)၌ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၆

(၈၉)နှစ်မြောက် အမျိုးသားနေ့ကို ဂုဏ်ပြုသောအားဖြင့် အမျိုးသားနေ့အကြို ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲကို နိုဝင်ဘာ ၉ရက် မွန်းလွဲ ၁နာရီက (၄၇)ရပ်ကွက် ပညာဥယျာဉ်စာကြည့်တိုက်၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ် ဦးစီးမှူး ဒေါ်လှလှဌေးက အမျိုးသားရေး အားမာန် ခေါင်းစဉ်ဖြင့် ဟောပြောခြင်းနှင့်အတူ စံ(၅)ချက်နှင့် ညီညွတ်သော စာကြည့်တိုက် ဖြစ်ပေါ်လာရေးလုပ်ငန်းစဉ်များကိုလည်း ဆွေးနွေးသည်။

ဆွေးနွေး

ဆက်လက်၍ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်ဝင်းထွန်းက စာကြည့်တိုက် ပရိဘောဂ အလှူခံရရှိမှုနှင့် စာငှားစနစ်ချမှတ်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ပြန်လည်ဆွေးနွေးသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မြစ်ရေတင်

အောင်လံမြို့ တရော်ကုန်းရပ်ကွက် လျှပ်စစ်မြစ်ရေတင်ရေပေးဝေရေးလုပ်ငန်းမှ ရပ်ကွက်အတွင်း ရေများဖြန့်ဝေပေးနေမှုကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်အောင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဆရာဝန်များအတွက် ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် နိုဝင်ဘာ ၁၆

မြန်မာနိုင်ငံဆရာဝန်အသင်း Project Management Unit က ကြီးမှူးဖွင့်လှစ်မည့် Leadership and Management for medical professionals (Basic-2) သင်တန်းကို နိုဝင်ဘာ၂၃ရက် မွန်းတည့် ၁၂နာရီတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများသည် မြန်မာနိုင်ငံဆရာဝန်အသင်းရုံး ဖုန်း- ၃၈၀၈၉၉၉၊ ၃၉၄၁၄၁ (လိုင်းခွဲ-၁၁၉)သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး

မြဝတီဘဏ်လီမိတက်
အလုပ်လျှောက်လွှာခေါ်ယူခြင်း
ကြော်ငြာစာအမှတ် (၁/၂၀၀၉)
၂၀၀၉ ခုနှစ် နိုဝင်ဘာ ၁၆ ရက်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ မြဝတီဘဏ်လီမိတက်တွင် အောက်ဖော်ပြပါရာထူးအတွက် လျှောက်လွှာများ အလိုရှိပါသည်-

(က) **လက်ထောက်မန်နေဂျာ** (ကျား/မ) (၇) ဦး

၂။ (က) ဖော်ပြပါ ရာထူးများအတွက် အနည်းဆုံး အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူများလျှောက်ထားနိုင်သည်- (သတ်မှတ်ပညာအရည်အချင်းနှင့် မပြည့်စုံသည့်လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်) B.Com (Hons:)/ B.Com, C.P.A/ M.Com/ M.B.A/ B.Econ (Hons:)(Stats)/ M.Econ (Stats)/ B.Econ (Hons:) (Eco)/ M.Econ (Eco)/ B.Act (Hons:)/M.Act/ B.B.M(Q)/B.A (EPP)Q/B.A (Hons:) (Eng:)/ M.A (Eng:)/ LL.B (Q)/LL.M/B.C.Sc (Hons:)/M.C.Sc/M.I.Sc/ M.Sc(Computer Science) ဘွဲ့ရရှိအောင်မြင်ရမည်။

(ခ) အထက် (က)ဖော်ပြပါ ပညာအရည်အချင်းများနှင့် ညီမျှသည့်ဘွဲ့ကို စိစစ်ထည့်သွင်းစဉ်းစားမည်။

(ဂ) အမျိုးသားများအတွက် အထက်(က)ဖော်ပြပါ ပညာအရည်အချင်းကို လျှော့ပေါ့စဉ်းစားမည်။

(ဃ) ကွန်ပျူတာတတ်ကျွမ်းရမည်။

၃။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် အသက် (၃၅) နှစ်ထက် မကြီးစေရ။

(ဂ) မြဝတီဘဏ်ခွဲရှိသော မည်သည့်ဒေသတွင်မဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

၄။ လျှောက်ထားသူများသည် အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်တကွ ဘဏ်၏လျှောက်လွှာပုံစံတွင် ဖော်ပြထားသည့်အတိုင်း ပြည့်စုံမှန်ကန်စွာ တင်ပြလျှောက်ထားရမည်။

၅။ အထက်အပိုဒ်(၁)ပါ ရာထူးအတွက် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများသည် ရေးဖြေစာမေးပွဲ-(မြန်မာစာ၊ အင်္ဂလိပ်စာ၊General Economic & Current Affairs) မေးခွန်းသုံးလွှာ ဖြေဆိုရမည်။

၆။ လျှောက်ထားသူသည် လျှောက်လွှာကို ဒုတိယအထွေထွေမန်နေဂျာ၊ စီမံရေးရာဌာန၊ မြဝတီဘဏ်လီမိတက် (ရန်ကုန်) အမှတ်၂၄/၂၆ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့လိပ်မူပြီး ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက် အရောက်ပေးပို့ရမည်။

၇။ ၁၆-၁-၂၀၁၀ ရက်နှင့် ၁၇-၁-၂၀၁၀ရက်များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပမည်။ ၁၃-၁-၂၀၁၀ ရက်မှစ၍ မြဝတီဘဏ်လီမိတက် (ရန်ကုန်)တွင် ဖြေဆိုခွင့်ကတ်ပြားများ ထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက မြဝတီဘဏ်လီမိတက် (ရန်ကုန်)သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်-၃၇၀၅၆၀၊ ၃၇၁၀၂၇ တို့သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။



(၃၅)နှစ်မြောက်မင်္ဂလာဆုတောင်း

ယနေ့အထိတိုင် မည်သည့်အရာနှင့်မျှ နှိုင်းတုမရသော မေတ္တာစေတနာတို့ဖြင့် ပြုစုစောင့်ရှောက်ခဲ့သော ချစ်သော ဖေဖေကြီး ဦးကျော်ဝင်းမြင့်နှင့် မေမေကြီး ဒေါ်ခင်ခင်သန်း တို့၏ ၁၇-၁၁-၂၀၀၉ရက်တွင် ကျရောက်သော (၃၅)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သော သားသမီးများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် လောကီ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို ဆောင်ရွက်နိုင်ပါစေ-

ချစ်သမီးကြီး - မာလာ
ချစ်သမီးလတ် - အေးမူ
ချစ်သားနှင့် သမီးငယ် - ကိုဖြိုး-အငယ်လေး

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သုဝဏ္ဏ (၂၃) ရပ်ကွက်၊ သစ်ရာပင်လမ်း၊ အမှတ် (၁၀၅/၂) နေ
ဦးစံရင် (ဦးစီးအရာရှိ-ငြိမ်း၊ လဝက)-ဒေါ်ခင်အေး (ရုံးအုပ်-ငြိမ်း၊ ကုန်သွယ်ရေး)
တို့၏ သားထွေး

မောင်ချစ်စံ

ချစ်စံအိမ်ကားပစ္စည်းဆိုင်၊ တောင်ဒဂုံ

နှင့်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ စက်မှုဇုန်(၂)၊ (၆၄) ရပ်ကွက်၊ ရွှေလီလမ်း၊ အမှတ် (၄၄၂) နေ
ဦးစန်းမြင့်(ခ) ဦးဝင်းခင်-ဒေါ်မြင့်မြင့်သန်း (ကားစံတာဘိုးနှင့် အရစ်အမျိုးမျိုးစက်မှုလက်မှုလုပ်ငန်း)
တို့၏ သမီးထွေး

မစန်းသီတာ

Bachelor of Development Studies (B.Devs)

ဣန္ဒြေဦး (အမျိုးသမီးသီးသန့်) အလှပြုပြင်ရေး

တို့၏ ၂၅-၁၀-၂၀၀၉ ရက် (တနင်္ဂနွေနေ့) တွင် Yuzana Garden Hotel ၌ ကျင်းပပြီးစီးခဲ့ပါသော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာပန်းကြဲပေးပါသော မနေခြည်တင့်ဆန်း၊ မင်္ဂလာပန်းကုံး ကိုင်ဆောင်ပေးပါသော မနေခြည်ထွန်းဝင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မနွယ်နီခင်ဦး၊ သတို့သားအရံဆောင်ရွက်ပေးပါသော ကိုတင်ကျော်ကျော်၊ သတို့သမီးအရံ ဆောင်ရွက်ပေးပါသော မဥမ္မာခင်ဦး၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော် ပေးသီဆိုပေးသော တေးသံရှင် စိမ်းမို့မို့၊ မင်္ဂလာတေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေပေးပါသော The Aces တီးဝိုင်း၊ မိတ်ကပ်နှင့်အလှဖန်တီးပေးပါသော ခင်စန်းဝင်းနှင့်အဖွဲ့၊ ပန်းအလှပြုပြင်ပေးပါသော ကိုဆွေ၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးပေးပါသော မိုးကိုဦးနှင့်အဖွဲ့အားလည်းကောင်း၊ လိုအပ်သည်များကို ကူညီပေးပါသော Yuzana Garden Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် မေတ္တာဖြင့်ဝိုင်းဝန်းကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ချစ်စံ-မစန်းသီတာ။

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မစည်ပင်ဈေးသန့်ရှင်းသာယာလှပရေးအတွက် သန့်ရှင်းရေး နေ့စဉ်ဆောင်ရွက်ခြင်း၊ အပတ်စဉ် ဈေးပိတ်ရက်များတွင် ရေမြောင်းများတူးဖော်ခြင်း၊ ဆေးကြောခြင်းနှင့် အမှိုက်များ ရှင်းလင်းခြင်းလုပ်ငန်းများကို ဒုတိယဦးစီးမှူး(အခွန်)ဦးသန့်ဇင်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၅၂)

စာငှားကတ်စနစ် ကျင့်သုံးရေး အင်တော၌ ဆွေးနွေး

အင်တော နိုဝင်ဘာ ၁၆

နေပြည်တော်(ရုံးချုပ်)ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိဦးတင်လတ်နှင့်တောင်ကြီး ခရိုင် ဦးစီးအရာရှိ ဒေါ်မေလွင်တို့ သည် အောက်တိုဘာ ၁၉ရက်က အင်တောမြို့နယ်သို့ ရောက်ရှိကာ မြို့နယ်ဦးစီးမှူးဒေါ်ကြူကြူလှိုင်နှင့် ဝန်ထမ်းများလိုက်ပါလျက် ကျောက်ဂူ စံပြကျေးရွာရှိ ရတနာရွှေဂူ စာကြည့်တိုက်နှင့် ဆီဆုံဂနိုင်ကျေးရွာရှိ ပညာဗလစာကြည့်တိုက်များသို့ သွားရောက်ကွင်းဆင်းကြည့်ရှုပြီး ကျေးရွာ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စာကြည့်တိုက် ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ သတ်မှတ်စံ(၅)ချက်နှင့်ပြည့်မီသော စာကြည့်တိုက်များ ဖြစ်ပေါ်ရေးနှင့် စာငှားကတ်စနစ်ကျင့်သုံးရေးတို့ကို ဆွေးနွေး ပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးအရာရှိ ဒေါ်မေလွင်က ကျေးရွာဥက္ကဋ္ဌများထံသို့ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များ ပေးအပ်လှူဒါန်းရာ ကျောက်ဂူကျေးရွာနေ ပြည်သူများက ငွေကျပ်ငါးသောင်းနှင့် ဆီဆုံဂနိုင်ကျေးရွာနေ ပြည်သူများက ငွေကျပ်နှစ်သောင်းတို့ကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက် ငွေပဒေသာပင်အတွက်ပေးအပ်လှူဒါန်းရာ ဦးစီးမှူး ဒေါ်ကြူကြူလှိုင်က လက်ခံယူသည်။

ဆက်လက်၍ဦးစီးအရာရှိဦးတင်လတ်နှင့် ဦးစီးအရာရှိ ဒေါ်မေလွင်တို့သည်အင်တောမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ရောက်ရှိရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ရုံးလုပ်ငန်းများ၊စာအုပ်စာစောင်တိုးပွားရေးဆောင်ရွက်မှုများ၊ စာငှားကတ်စနစ်ကျင့်သုံးနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ဝန်ထမ်းများ စုပေါင်း၍ ဈေးဦးပန်းခြံအတွင်း လမ်းနှင့်ဈေးဦး ပန်းခြံသာယာလှပစေရေးအတွက် ချုံနွယ်များနှင့် မြက်များရှင်းလင်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ပညာမြတ်ရတနာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်
ရုပ်မြင်သံကြား၊ ရေဒီယိုနှင့်စာအုပ်များ ပေးအပ်လှူဒါန်း

တောင်ကြီး နိုဝင်ဘာ ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ပင်းတယမြို့နယ် ကျောက်စုကျေးရွာအုပ်စု ပညာမြတ်ရတနာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ကျေးရွာစာကြည့်တိုက်များအတွက် ရုပ်မြင်သံကြား၊ ရေဒီယို၊ စာအုပ်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၂၁ ရက် နံနက် ၁၀နာရီက အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ပင်းတယမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်လတ်က အဖွင့်အမှာစကား ပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေမေနီက စာကြည့်တိုက် စံ(၅)ချက်နှင့် စပ်လျဉ်း၍ စာငှားကတ်စနစ် ကျင့်သုံးရေး ဟောပြောသည်။

လှူဒါန်း

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးတင်လတ်နှင့်အလှူရှင်များကလှူဒါန်းသည့် ၁၇ လက်မ တီဗွီကို ကျောက်စုကျေးရွာ ပညာမြတ်ရတနာစာကြည့်တိုက်အတွက်လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဒေါ်မိုးမိုးထွေးနှင့်အလှူရှင်များက လှူဒါန်းသည့် ၁၇ လက်မတီဗွီကို အင်းငယ်ကျေးရွာ ပညာဂုဏ်ရောင်စာကြည့်တိုက်အတွက်လည်းကောင်း ပေးအပ်လှူဒါန်းသည်။

လက်ခံ

ဆက်လက်၍ စာကြည့်တိုက်အတွက် အလှူငွေ၊ စာအုပ်စာစောင်နှင့် ရေဒီယိုများ ပေးအပ်လှူဒါန်းကြရာ မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများက လှူဒါန်းငွေကျပ် ၂၃၈၀၀၀၊ စာအုပ်စာစောင် ၇၃၄ အုပ်နှင့်ရေဒီယို ၁၀လုံးကို ကျေးရွာ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဝင်များက လက်ခံယူသည်။

ယင်းနောက် ကျောက်စုကျေးရွာ ပညာမြတ်ရတနာစာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ ဦးတင်လတ်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးထွေးနှင့် ကျောက်စုကျေးရွာ ဥက္ကဋ္ဌ ဦးထွန်းသောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ပြည်နယ် ပြန်/ဆက်)**

ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ဝန်ထမ်းများ စုပေါင်း၍ ရှုံးရှေ့လမ်းဘေးဝဲယာ သာယာလှပရေးအတွက် မြန်မာပြည်မြေပုံအား ပန်းအလှပင်များဖြင့် ပုံဖော်ဆောင်ရွက်ခြင်းကို အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး
ညောင်တုန်းမြို့ အထက(၁)၌ ညှိနှိုင်းဆွေးနွေး

ညောင်တုန်း နိုဝင်ဘာ ၁၅

တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး ညှိနှိုင်းဆွေးနွေးပွဲနှင့် FPD အကဲဖြတ်မှတ်တမ်း ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို ညောင်တုန်းမြို့အထက(၁) လှိုင်ပညာခန်းမ၌ နိုဝင်ဘာ ၇ရက် နံနက် ၉နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်ဇင်**(အပေါ်ပုံ)**နှင့် မြို့နယ်ပညာရေးမှူး ဒေါ်စန်းငွေးတို့က တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် စွမ်းအားပြည့် စိုက်ထုတ်ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများနှင့် ဘာသာရပ်သင် ဆရာ ဆရာမများက ၂၀၁၀ တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ညောင်တုန်းမြို့နယ်၏ အောင်ချက်ရာနှုန်း တိုးတက်မြင့်မားစေရေးအတွက် ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။**(၁၅၂)**

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့်အဖွဲ့ နိုဝင်ဘာ ၂ရက်က မောင်တောမြို့ မြို့မဈေးကြီး သန့်ရှင်းသာယာလှပမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဌေးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းကျော်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဖန်းမော်ခရိုင် ပြန်/ဆက် ဝန်ထမ်းများ
စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေးပွဲကျင်းပ

ဖန်းမော် နိုဝင်ဘာ ၁၃

ဖန်းမော်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဝန်ထမ်းများ စာဖတ်သည့်အလေ့အကျင့် ပိုမိုတိုးပွားရေး၊ စာဖတ်စွမ်းရည်မြင့်မားရေးအတွက် စာဖတ်ဝိုင်းဖွဲ့ဆွေးနွေးပွဲကို အောက်တိုဘာ ၂၉ရက် ညနေ ၃နာရီက ဖန်းမော်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ ကျင်းပသည်။

ဖတ်ကြားဆွေးနွေး

ရှေးဦးစွာ ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်ညွန့်က စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကိုရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်သီတာအေးက ဆောင်းပါးရှင် ဥက္ကာကိုကို၏ စာအုပ်များနှင့်စကားပြောခိုင်းသူဆောင်းပါးကို ဖတ်ကြားဆွေးနွေးသည်။

ဆက်လက်၍ ဓာတ်ပုံကျွမ်းကျင် (၂) ဦးသက်ဦးက ချစ်နိုင်(စိတ်ပညာ)၏ ကန်ကိုရေဖြည့်စေချင်သူဆောင်းပါးကို ဖတ်ကြားဆွေးနွေးရာ ဦးစီးအရာရှိ ဦးမောင်မောင်ညွန့်က ပြန်လည်သုံးသပ် ဆွေးနွေးသည်။ (ခရိုင် ပြန်/ဆက်)

ဟုမ္မလင်းမြို့အခြေခံပညာအထက်တန်းကျောင်း၌
စာစီစာကုံးပြိုင်ပွဲ ဆုရကျောင်းသားများ ဆုချီးမြှင့်

ဟုမ္မလင်း နိုဝင်ဘာ ၁၄

(၈၉)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ဟုမ္မလင်းမြို့ အခြေခံပညာအထက်တန်းကျောင်း ဘိုးရာဇာခန်းမ၌ နိုဝင်ဘာ ၁၁ရက် နံနက် ၈နာရီက ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှထွန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၀၀ တက်ရောက်ကြသည်။

အခမ်းအနားတွင် (၈၉) နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းထွန်းကဖတ်ကြားပြီး အထက်တန်းပြဆရာမ ဒေါ်ထားထားရွှေက မျိုးချစ်စိတ်ဓာတ်အကြောင်း ဆွေးနွေးဟောပြောသည်။ ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌက အခြေခံပညာအထက်တန်းအဆင့်နှင့် မြို့နယ်ဥက္ကဋ္ဌက အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရကျောင်းသားကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။**(မြို့နယ် ပြန်/ဆက်)**

မြဝတီ မြို့နယ် စည်ပင် သာယာရေး အဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်း ဖြစ်သော အမှတ် (၄) ရပ်ကွက် လေးလက်မ စက်ရေတွင်း တူးဖော်ပြီးစီးမှု၊ ရေကန်နှင့် ရေစက်ရုံ ဆောက်လုပ်ပြီးစီးမှုတို့ကို အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် အငယ်တန်းအင်ဂျင်နီယာ -၂ ဦးကျော်သူရ တို့ ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ကလေးမြို့နယ် အင်ဒိုင်းကြီး အထက ပညာရည်ချွန်ဆုချီးမြှင့်

ကလေး နိုဝင်ဘာ ၁၂

စစ်ကိုင်းတိုင်း ကလေးမြို့နယ် အင်ဒိုင်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ၂၀၀၈-၂၀၀၉ပညာသင် နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၂ရက် နံနက် ၉နာရီက အဆိုပါအထက်တန်းကျောင်း၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် ကိုကိုလတ်နှင့် မိဘဆရာအသင်း နာယက ဦးလှရွှေတို့က အမှာစကား ပြောကြားကြပြီး ကျောင်းအုပ်ဆရာကြီး ဦးရွှေက ၂၀၀၈-၂၀၀၉ လုပ်ငန်းဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး ၂၀၀၉-၂၀၁၀အတွက် မိဘဆရာအသင်း အမှုဆောင်သစ်များ ရွေးချယ်ပြီး ပညာရည်ချွန်ဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နယ်မြေခံတပ်နယ်မှ တပ်ရင်းတပ်ဖွဲ့များနှင့် ကျန်အလှူရှင်များက အင်ဒိုင်းကြီးအခြေခံပညာအထက်တန်းကျောင်း Multimedia Classroom အတွက်ကွန်ပျူတာတစ်စုံ၊ စာသင်ခုံများ၊ ကျောင်းဘက်စုံဖွံ့ဖြိုးရေး၊ သာယာလှပရေးနှင့်သောက်သုံးရေရရှိရေးအတွက် လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဇီးကုန်းမြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

ဇီးကုန်း နိုဝင်ဘာ ၁၅

ဇီးကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၁၃ရက်က မြို့နယ်အားကစားကွင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်စိုးက အနိုင်ရရှိသွားသော သင်ကန်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိုးနှင့် အသင်းနည်းပြတို့အား တံခွန်စိုက်ဒိုင်းဆုနှင့် ငွေသားကျပ်နှစ်သိန်းကို ဆုချီးမြှင့်သည်။ **(အပေါ်ပုံ)**

အဆိုပါဘောလုံးပြိုင်ပွဲတွင် အသင်းဝင် ၂၃သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဗိုလ်လုပွဲတွင် သင်ကန်ကျေးရွာအုပ်စုနှင့် မယင်းကျေးရွာအုပ်စုတို့ယှဉ်ပြိုင်ရာ သင်ကန်ကျေးရွာအုပ်စုအသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။ **(မြို့နယ် ပြန်/ဆက်)**

ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်း လမ်းလယ်ကျွန်း မီးပန်းဆိုင်းများတွင် မီးသီးတပ်ဆင်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးထွန်းမြိုင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးလေးလွင်တို့ နိုဝင်ဘာ ၅ ရက်က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ညောင်ရွှေစည်ပင် တာပတ်လမ်း ပြုပြင်ဆောင်ရွက်

ညောင်ရွှေ နိုဝင်ဘာ ၁၂

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်အတွင်းရှိ ညောင်ရွှေနှင့် ခေါင်တိုင်ကျေးလက်သို့ ဆက်သွယ်ထားသော တာပတ်လမ်းမကြီးကို အောက်တိုဘာ ၁၄ ရက်မှ ၃၁ရက်အထိ လမ်းခင်းပြုပြင်ခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါတာပတ်လမ်းမကြီးကို တောင်ပို့ကြီးကျေးရွာဥက္ကဋ္ဌ ဦးလှရွှေ၊ ရှာသာကျေးရွာဥက္ကဋ္ဌ ဦးသန်းငွေးနှင့် လမ်းအကျိုးဆောင် ဦးသန်းငွေးတို့က ဦးဆောင်ကြီးကြပ်၍ ကျေးရွာပြည်သူများ စုပေါင်းဆောင်ရွက်ကြသည်။ **(၀၂၁)**

မုံရွာခရိုင် ဘုတလင်မြို့နယ်၌ ဇီးတောစံပြကျေးရွာဖွင့်

ဘုတလင် နိုဝင်ဘာ ၁၃

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဘုတလင်မြို့နယ် ဇီးတောစံပြကျေးရွာဖွင့်ပွဲကို အောက်တိုဘာ ၂၈ရက် နံနက် ၈နာရီက ကျင်းပရာ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်ထွန်းနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ် ဥက္ကဋ္ဌဦးဇော်လွင်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဇီးတော၊ ထနောင်းကုန်း၊ မြို့ပေါ်၊ ကသစ်နှင့် ကံဆွယ်ကျေးရွာအုပ်စုတို့မှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဇီးတောစံပြကျေးရွာ ရပ်ရွာပဒေသာအဆောက်အအုံ၊ အားမာန်သစ်စာကြည့်တိုက်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးသစ်တို့ကို ခရိုင်ဥက္ကဋ္ဌ ဦးစိန်ထွန်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးဇော်လွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် အားမာန်သစ်စာကြည့်တိုက်နှင့် ရပ်ကွက်ရုံးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အမကလွန်ကျောင်း၌ လှည့်လည်စစ်ဆေးရာ မြို့နယ်ပညာရေးမှူး ဒေါ်လှငွေနှင့် အမကကျောင်းအုပ် ဦးစိုးတင်တို့က ပညာရေးဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

မုခ်ဦးနှင့် ဆိုင်းဘုတ်ဖွင့်

ထို့နောက် ဇီးတောစံပြကျေးရွာမုခ်ဦးကို ခရိုင်ဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဇော်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဇီးတော စံပြကျေးရွာ ဆိုင်းဘုတ်ကို ခရိုင်ဥက္ကဋ္ဌက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ကျေးရွာတွင်း စံပြလမ်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီးနောက် ဇီးတော-မြို့ပေါ် ကျေးရွာချင်းဆက်လမ်းနှင့် စံပြကျေးရွာဈေးတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ခင်ဦးမြို့နယ် ကံသစ်ကျေးရွာ၌ မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်းအမှတ်စဉ် (၃/၂၀၀၉) သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၉ရက်က ကျင်းပရာ သင်တန်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းဝင်းက အဖွင့်အမှာစကားပြောကြားစဉ်။ (၁၈၂)

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဆင်ဘိုမြို့ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးစိုးသက်၏ ဦးဆောင်မှုဖြင့် အောက်တိုဘာ ၂၀ရက်က မြို့နယ်ပြည်သူ့ဆေးရုံဝင်း အတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။
(မြို့နယ် ပြန်/ဆက်)

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ဂုဏ်ပြု ဘိုးဘွားရိပ်သာသို့ တိုင်းရင်းဆေးများလှူဒါန်း

ရေနံချောင်း နိုဝင်ဘာ ၁၀

မကွေးတိုင်း ရေနံချောင်းမြို့ ရွှေဘုံသာရပ် အေးသီတာဘိုးဘွားရိပ်သာတွင် သက်ကြီး အဘိုးအဘွားများအား ၂၀၀၉ခုနှစ် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံကို ဂုဏ်ပြုသောအားဖြင့် စဉ်ဆက်မပြတ် တိုင်းရင်းဆေးဝါးများ လှူဒါန်းလျက်ရှိသော မကွေးမြို့ လမ်းမတော်လမ်းဆုံရပ်ကွက် ဂမုန်းပွင့်တိုင်းရင်းဆေးခန်း သမားတော်ဦးသိုက်ထွန်း၊ သမားတော် ဒေါ်သင်းသင်းယုနှင့် ဒေဝဿဆေးတိုက် သမားတော်ကြီးဦးကျော်စိန်ဟန်၊ ဒေါ်အေး၊ ဦးအွန်မောင်း-ဒေါ်ဖွေထုံ၊ ဦးလှမြင့်-ဒေါ်ဇင်မာဝင်းတို့က တိုင်းရင်းဆေးဝါး၊ အဝတ်အထည်နှင့် ဆပ်ပြာများကို နိုဝင်ဘာ ၅ရက်က ပေးအပ်လှူဒါန်းကြသည်။

ဆက်သွယ်လှူဒါန်း

ရေနံချောင်းမြို့ ရွှေဘုံသာ အေးသီတာဘိုးဘွားရိပ်သာရှိ သက်ကြီးဘိုးဘွားများအား ဆေးဝါး၊ အဝတ်အထည်နှင့် အာဟာရလှူဒါန်းလိုပါက ဒေါ်ညို ဖုန်း -၀၆၀-၂၁၅၅၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၇၇)

ရေလှောင်ကန်

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေးလုပ်ငန်းဖြစ်သော ကင်မွန်းခြံရေလှောင်ကန် တောင့်တင်းခိုင်မာမှုနှင့် ရေဝင်ရောက်မှုအခြေအနေကို အောက်တိုဘာ ၁၂ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အမျိုးသားနေ့ အခမ်းအနား ရေဦးမြို့၌ ကျင်းပ

ရေဦး နိုဝင်ဘာ ၁၄

(၈၉)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ရေဦးမြို့ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁) ကံ့ကော်ဆောင်ခန်းမ၌ နိုဝင်ဘာ ၁၁ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုကြပြီး (၈၉)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးတိုးတိုးထွန်းက ဖတ်ကြားသည်။ *(၀၃၄)*

နွားထိုးကြီး စည်ပင်သာယာ ကတ္တရာလမ်းများခင်း

နွားထိုးကြီး နိုဝင်ဘာ ၆

နွားထိုးကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများဖြစ်ကြသော သပြေလမ်း အမှတ်(၅)ရပ်ကွက်ကို အရှည်ပေ၄၂၀နှင့် စိန်ပန်းမြိုင်လမ်း အမှတ်(၁) ရပ်ကွက်ကို ပေ၄၀၀ကျော်အား အောက်တိုဘာ တတိယပတ်က ကတ္တရာခင်း ကျောက်လမ်းသစ်နှစ်လမ်းအဖြစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကံချွန်၏ကြီးကြပ်မှုဖြင့် ကတ္တရာခင်း ဆောင်ရွက်ကြသည်။

ယခုအခါ နွားထိုးကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပေါ်ရှိရပ်ကွက်တွင် ကတ္တရာခင်းကျောက်လမ်းအရှည်ပေ ၂၀၀၀၀ခန့် ကျောက်လမ်းများ ခင်းကျင်းနိုင်ပြီဖြစ်သည်။ (၀၉၂)

ပေါင်မြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဖွင့်

ပေါင် နိုဝင်ဘာ ၁၂

ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု၊ မြို့နယ်အားကစားနှင့် ကာယပညာ ဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်၊ကျေးရွာ ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၉ရက် ညနေ၃နာရီက ပေါင်မြို့နယ် သဲဖြူကုန်းဘောလုံးကွင်း၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးညွန့်လှိုင်က အမှာစကားပြောကြားသည်။ *(၁၇၆)*

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ဈေးဆိုင်များ စနစ်တကျတည်ခင်းရောင်းချခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုကို ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကိုနှင့် ဒုတိယဦးစီးမှူး (ဈေး) ဦးဝေလင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် စာငှားကတ်စနစ်ကျင့်သုံးရေး မိုးနဲ၌ဟောပြော

လင်းခေး နိုဝင်ဘာ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နားခံကျေးရွာအုပ်စု နားခံကျေးရွာနှင့် မယ်ဇလီမြိုင်ကျေးရွာရှိ ကျေးရွာစာကြည့်တိုက်တို့တွင် နယ်လှည့်စာကြည့်တိုက်နှင့် ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ကျေးရွာစာကြည့်တိုက်များ စံ(၅)ချက်နှင့်ပြည့်စုံပြီး စာငှားကတ်စနစ်ကျင့်သုံးရေး ဟောပြောပွဲကို အောက်တိုဘာ၁၅ရက် နံနက်၉နာရီက အဆိုပါကျေးရွာ စာကြည့်တိုက်များ၌ကျင်းပရာ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးနန္ဒိယက အမှာစကားပြောကြားသည်။

စာဖတ်ဝိုင်း

ဆက်လက်၍ မယ်ဇလီမြိုင်ကျေးရွာ၌ စာဖတ်ဝိုင်းကျင်းပရာ စာကြည့်တိုက် လက်ထောက်-၃ ဒေါ်နန်းရွှေကြည်က ခေတ်သစ်ကိုကြိုဆို ဆောင်းပါးကိုလည်းကောင်း၊ ရပ်သံကျွမ်းကျင်-၃ ဦးစိုင်းထွန်းမြင့်က ရာသီအချိန်ကိုက် နှမ်းကိုစိုက် ဆောင်းပါးကိုလည်းကောင်း ဖတ်ကြားဆွေးနွေးရာ မြို့နယ်ဦးစီးမှူးက တက်ရောက်ကြသော စာပေဝါသနာရှင်များအား လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ ချုံနွယ်ပိတ်ပေါင်းများနှင့် အမှိုက်သရိုက်များ အထူးသန့်ရှင်းရေးဆောင်ရွက်မှုကို အောက်တိုဘာ ၂၀ရက်က တောကျွဲအင်းမြို့ ရန်ကုန်-မန္တလေး လမ်းမတစ်လျှောက်၌ပြုလုပ်ရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသင်းဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် ခရူပင်ကျောင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အောက်တိုဘာ ၂၃ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေမျိုးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။
✳ RFA, DVB - သွေးထိုးနေသည်။
✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
✳ နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အာဆီယံ-အမေရိကန် ခေါင်းဆောင်များအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး စင်ကာပူသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ကြိုဆိုနှုတ်ဆက်

နေပြည်တော် နိုဝင်ဘာ ၁၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပသည့် ပထမအကြိမ် အာဆီယံ-အမေရိကန် ခေါင်းဆောင်များအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့နံနက် ၁၁နာရီတွင် အထူးလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ *စာမျက်နှာ ၃ ကော်လံ ၁* ●

နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပထမအကြိမ် အာဆီယံ-အမေရိကန် ခေါင်းဆောင်များအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး စင်ကာပူသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)